ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၂၇)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်**

**( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက် )**

**[ တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၃.၈၀)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ကျန်းမာရေး။ ဦးအေး၊ မန္တလေး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ကျန်းမာရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်ရှန်၊ တနင်္သာရီ(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးအောင်ကျော်ဇော၊ တပ်မတော်၊ တာဝန်။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ဖခင်ကျန်းမာရေး။ ဦးမြအုန်း၊ ကချင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသန်းမြင့်၊ တနင်္သာရီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သိန်း၊ မွန်(၄)၊ ကျန်းမာရေး။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကျန်းမာရေး။ ဒေါက်တာထွန်းလွင်၊ ကချင်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဌေးရယ်၊ ကယား (၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ကျန်းမာရေး။ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့် ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**တန့်ဆည်မြို့နယ်၊ ဒေါင့်ကြီးကျေးရွာနှင့် အင်္ကုက္ကားကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသော ကိုယ်ထူကိုယ်ထ ကတ္တရာလမ်းပျက်စီးနေမှုအား ပြည်ထောင်စုအစိုးရ ရန်ပုံငွေ သို့မဟုတ် တိုင်းဒေသကြီး အစိုးရ ရန်ပုံငွေဖြင့် အဆင့်မြှင့်တင် မွမ်းမံပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူး မောင်မောင်ကြီး က တန့်ဆည်မြို့နယ်၊ ဒေါင့်ကြီးကျေးရွာနှင့် အင်္ကုက္ကားကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသော ကိုယ်ထူကိုယ်ထ ကတ္တရာလမ်းပျက်စီးနေမှုအား ပြည်ထောင်စုအစိုးရ ရန်ပုံငွေ သို့မဟုတ် တိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် အဆင့်မြှင့်တင် မွမ်းမံပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဗိုလ်မှူးမောင်မောင်ကြီး (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များနှင့် ကော်မရှင်အဖွဲ့ဝင်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ လို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၂၁၃၀ ဗိုလ်မှူးမောင်မောင်ကြီး ပဲ ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ ဒေါင့်ကြီးကျေးရွာ ကိုယ်ထူကိုယ်ထ ကတ္တရာလမ်း ပျက်စီးနေမှုအား ပြည်ထောင်စုအစိုးရ ရန်ပုံငွေ သို့မဟုတ် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေ ဖြင့် အဆင့်မြှင့်တင် ပြန်လည်မွမ်းမံပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ ပတ်သက်ပြီး အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်၏ မေးမြန်းတင်ပြချက် အား Power Point ဖြင့် မေးမြန်းတင်ပြခွင့်ပြုပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာ ခွင့်တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ ဒေါင့်ကြီးကျေးရွာဟာ အိမ်ခြေ(၇၁၀)ရှိပြီး၊ လူဦးရေ (၃၆၂၈)ဦး နေထိုင် လျက်ရှိတဲ့ ကျေးရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ တန့်ဆည်မြို့နဲ့ (၆)မိုင်ခန့်သာ ကွာဝေးပါတယ်။ ဒေါင့်ကြီး ကျေးရွာမှ ပြည်သူများဟာ တန့်ဆည်မြို့သို့ သွားရောက်လိုပါက အင်္ကုက္ကားကျေးရွာမှတစ်ဆင့် သွား ရောက်ရပါတယ်။ ဒေါင့်ကြီးကျေးရွာနှင့် အင်္ကုက္ကားကျေးရွာချင်းဆက်လမ်းဟာ အရှည်(၂)မိုင်ခန့်သာ ရှိသော ကတ္တရာလမ်း ဖြစ်ပါတယ်။ ဒေါင့်ကြီးကျေးရွာ ကတ္တရာလမ်းကို ဒေါင့်ကြီးကျေးရွာ ဇာတိဖြစ်သူ ယခင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး တာဝန်ထမ်းဆောင်ခဲ့သော ဗိုလ်ချုပ်သူရသီဟာသူရ စစ်မောင် မှ ၁၉၉၈ ခုနှစ်မှာ မတည်ဦးစီးဆောင်ရွက်ခဲ့ပြီး ၁၉၉၉ ခုနှစ်မှာ ဖွင့်လှစ်ခဲ့သော ကိုယ်ထူ ကိုယ်ထ ကျေးရွာ ကတ္တရာလမ်းပဲ ဖြစ်ပါတယ်။ ဒေါင့်ကြီးကျေးရွာဟာ အလယ်တန်းကျောင်း တစ်ကျောင်း တည်ရှိပါတယ်။ ပတ်ဝန်းကျင်ကျေးရွာများဖြစ်တဲ့ ညောင်ကုန်း၊ ဇီးဖြူကုန်း၊ တမဲတော၊ ရွှံ့အိုင် ရွာ(၄) ရွာမှ ကျောင်းသား/ကျောင်းသူများဟာ အဆိုပါကျေးရွာလမ်းကို အသုံးပြုပြီး ဒေါင့်ကြီးကျေးရွာ အလယ်တန်း ကျောင်းသို့ လာရောက် ပညာသင်ယူကြရပါတယ်။

ဒေါင့်ကြီးကျေးရွာရဲ့ အရှေ့မြောက်ဘက် (၄)မိုင်ခန့်အကွာမှာ နဘက်ကြီးကျေးရွာ အထက်တန်းကျောင်း တစ်ကျောင်းရှိပါတယ်။ ဒေါင့်ကြီးကျေးရွာနဲ့ ပတ်ဝန်းကျင်ကျေးရွာများမှ အထက်တန်းကျောင်းသား/ကျောင်းသူများဟာ အဆိုပါ ကျေးရွာကတ္တရာလမ်းကို အသုံးပြုပြီး အက်ိုက္ကားကျေးရွာမှ တစ်ဆင့် အ.ထ.က နဘက်ကြီးသို့ သွားရောက် ပညာသင်ယူကြရပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်၍ ဒေါင့်ကြီးကျေးရွာဟာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) တစ်ခုရှိပြီး၊ နိုင်ငံတော်မှ ကျေးလက်သားဖွားဆရာမတစ်ဦး ခန့်ထားဆောင်ရွက်လျက်ရှိပါတယ်။ ဒေါင့်ကြီးကျေးရွာရှိ အရေးကြီးလူနာများဟာ ဆေးကုသမှု ခံယူလိုပါက ကျေးရွာနှင့် (၆)မိုင်ခန့်ဝေးသော တန့်ဆည်မြို့ ပြည်သူဆေးရုံကြီးသို့ သွားရောက်ဆေးကုသမှု ခံယူကြရပါတယ်။ ပတ်ဝန်းကျင်ကျေးရွာ(၄)ရွာမှ အရေးကြီးလူနာများ ပို့ဆောင်ကြရာတွင်လည်း ဒေါင့်ကြီးကျေးရွာ ကတ္တရာလမ်းကိုသာ အသုံးပြုနေကြရပါတယ်။

ဒေါင့်ကြီးကျေးရွာဟာ ရွာကြီးတစ်ရွာဖြစ်တဲ့အတွက် မန္တလေးမြို့နဲ့ တန့်ဆည်မြို့သို့ ပြေးဆွဲလျက်ရှိတဲ့ ရွှေနိုင်ငံ၊ မန္တလာဦး၊ အောင်ရတနာ၊ ရွှေပြည်အေး စတဲ့ လိုင်းကားများဟာ ဒေါင့်ကြီးကျေးရွာအထိ လိုင်းကားကြိုပို့ဆောင်ရွက်ပေးလျက်ရှိကြပြီး လိုင်းကားများဟာ ကျေးရွာကတ္တရာလမ်းကို အသုံးပြုနေကြရ ပါတယ်။ ဒေါင့်ကြီးကျေးရွာနဲ့ ပတ်ဝန်းကျင်(၄)ရွာမှ ထွက်ရှိတဲ့ ဆန်စပါး၊ မြေပဲ၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ မြေပဲဆီ၊ နှမ်းဆီ စသည့် ကုန်စည်များကိုလည်း ယင်းကျေးရွာ ကတ္တရာလမ်းမှတစ်ဆင့် မြို့တက်ရောင်းချ ရပါတယ်။ ဒေါင့်ကြီးကျေးရွာချင်းဆက် ကတ္တရာလမ်းဟာ (၁၆)နှစ်ကျော် ကြာမြင့်လာသည့်အတွက် ပေါက်ပြဲပျက်စီးလာသည့်အပြင် ထပ်မံပြင်ဆင်မွမ်းမံခြင်းများ မပြုလုပ်ခဲ့ခြင်းကြောင့် ပိုမိုပျက်စီးလျက် ရှိပါတယ်။

ဒါကြောင့် ဒေါင့်ကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများဟာ ခရီးသွားလာမှု အခက်အခဲများနှင့် ကြုံတွေ့နေရပါတယ်။ ဖော်ပြပါ ပုံများကတော့ ကတ္တရာလမ်း ပျက်စီးနေမှုများ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ ဒေါင့်ကြီးကျေးရွာနှင့် အက်ိုက္ကားကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသော ကိုယ်ထူကိုယ်ထကျေးရွာ ကတ္တရာလမ်း ပျက်စီးနေမှုအား ပြည်ထောင်စုအစိုးရ ရန်ပုံငွေ သို့မဟုတ် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် ပြုပြင်မွမ်းမံ ပြင်ဆင်ပေးနိုင်ပါရန်နှင့် မည်သည့်အချိန်တွင် ပြုပြင်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူတို့၏အကျိုးငှာ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒေါင့်ကြီးကျေးရွာမှ မှတ်တမ်းဓာတ်ပုံ (ဒ)




ဒေါင့်ကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း မှတ်တမ်းဓာတ်ပုံ (ဒ-၁)



ဒေါင့်ကြီးကျေးရွာတွင် မြေပဲများ ဆွပ်ခူးနေသည့် မှတ်တမ်းဓာတ်ပုံ (ဒ-၂)




**မတူပီမြို့နယ်၊ ဝေါတီးကျေးရွာနှင့် တိန်ဆီးကျေးရွာကြားရှိ ဆိုင်ကယ်လမ်းကို ဂျစ်ကားလမ်းအဖြစ် တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် က မတူပီမြို့နယ်၊ ဝေါတီးကျေးရွာနှင့် တိန်ဆီးကျေးရွာကြားရှိ ဆိုင်ကယ်လမ်းကို ဂျစ်ကားလမ်းအဖြစ် တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်လိုက်ရပါသည်။ ကျွန်တော် ချင်းပြည်နယ် အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ဖြစ်ပါတယ်။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် မေးမြန်းမှာကတော့ ဆိုင်ကယ်လမ်းကနေ ဂျစ်ကားလမ်းအဖြစ် တိုးချဲ့ပေးပါရန် အစီအစဉ် ရှိ/မရှိ မေးခွန်း ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မတူပီမြို့နယ်ရှိ ဝေါတီးကျေးရွာနှင့် တိန်ဆီးကျေးရွာကြား ဆိုင်ကယ်လမ်းကို ဂျစ်ကားလမ်းအဖြစ် တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လိုတော၊ လုံငိုး၊ ဘလေးရွာနှင့် ဝေါတီးရွာ အထိကို ယခင် တပ်မတော်မှ ဗျူဟာ၊ ဒေသခံပြည်သူများ လုပ်အားဖြင့် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်ဖြင့် ပူးပေါင်းပြီး ဂျစ်ကားလမ်း ဖောက်လုပ်လျက်ရှိရာ လိုတောမှ ဝေါတီးရွာအထိ မိုင်(၂၀)ခန့် ဂျစ်ကားလမ်း ပေါက်ရောက်ပြီး ဖြစ်ပါတယ်။ ဝေါတီးရွာနှင့် တိန်ဆီးရွာကြား မိုင်(၂၀)ခန့်ကို စည်ပင်သာယာရေး ဘဏ္ဍာငွေဖြင့် ၂၀၁၂-၂၀၁၃

ခုနှစ်က ဆိုင်ကယ်လမ်း ဖောက်လုပ်ပြီး ဖြစ်ပါတယ်။ ၎င်းဒေသ၌ ရွာကြီး(၈)ရွာနှင့် စုစုပေါင်း အိမ်ခြေ ခန့်မှန်း(၇၅၀)ရှိပြီး၊ လူဦးရေ (၃၀၀၀)ခန့်သည် မတူပီမြို့သို့ သွားလာဆက်သွယ်ရာ၌ လီရွာ ဘက်က ဆိုင်ကယ်ဖြင့်ကွေ့ပတ်ပြီး သွားရလျှင် မိုင်(၅၀)ခန့် ပိုဝေးပါသည်။ ယခု တင်ပြတောင်းဆိုသော လမ်းမှ မတူပီအထိ မိုင်(၆၀)ခန့် ကွာဝေးပြီး ယခင် ကားလမ်းမှ မတူပီသို့ သွားလျှင် မိုင်(၁၁၀)ခန့် ရှိပါသည်။

သို့ပါ၍ အောက်ပါမေးခွန်းကို လေးစားစွာ မေးမြန်းအပ်ပါသည်။ (က) ဝေါတီးရွာနှင့် တိန်ဆီးရွာအကြား ဆိုင်ကယ်လမ်းကို ဂျစ်ကားလမ်းအဖြစ် တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ။ ရှိပါက မည်သည့် အချိန်ကာလ၌ ဖောက်လုပ်ပေးနိုင်ပါမည်နည်း။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမောင်မောင်ကြီး မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး စစ်ကိုင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါ တယ်။

ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ ဒေါင့်ကြီးကျေးရွာနဲ့ အင်္ကြက္ကားကျေးရွာ ကျေးရွာချင်းဆက် လမ်းဟာ အရှည်(၂)မိုင်နဲ့ (၁)ဖာလုံ ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ဗိုလ်ချုပ်သူရသီဟသူရ စစ်မောင် မှ ကတ္တရာလမ်း ပံ့ပိုးပေးပြီးတော့ ပြည်သူမှ ကျောက်စုဆောင်းပြီးတော့ ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်ခဲ့ပါတယ်။ ယခုအခါမှာ ကတ္တရာလမ်းဟာ ပျက်စီးနေတဲ့ အတွက်ကြောင့် ကတ္တရာ ထပ်ပိုးလွှာ ခင်းခြင်း ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ စည်ပင်သာယာရေးအဖွဲ့ကနေ ပြီးတော့ ထပ်ပိုးလွှာခင်းခြင်း (၁)ဖာလုံဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဆောင်ရွက်ရန်ကျန်ရှိတဲ့ ကတ္တရာလမ်း ထပ်ပိုးလွှာခင်းခြင်း(၂)မိုင်ကို ဆောင်ရွက်မည်ဆိုလို့ရှိရင် ခန့်မှန်းကုန်ကျငွေ (၁၀၂.၅)သန်း ကုန်ကျမည် ဖြစ်ပြီးတော့ ဦးစားပေး အစီအစဉ်အလိုက် ဘဏ္ဍာငွေ ရရှိရေးအတွက်ကို တိုင်းဒေသကြီး ကျေးလက် ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ၂၂-၁၀-၂၀၁၄ ရက်စွဲပါ စာအမှတ် ၂၂၉၃/လမ်းတံတား(၁)/ကျေးလက် ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးချုပ်ကို တင်ပြတောင်းခံထားပါကြောင်းနဲ့ ရန်ပုံငွေ ရရှိ ပါက ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် မေးမြန်း တဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါ တယ်။

ဝေါတီးကျေးရွာနဲ့ တိန်ဆီးကျေးရွာကြားမှာရှိတဲ့ ဆိုင်ကယ်လမ်းကို ဂျစ်ကားလမ်းအဖြစ် တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေနဲ့ ဆောင်ရွက်ရန် လျာထားတဲ့ လုပ်ငန်းများ ပြောင်းလဲဆောင်ရွက်ခွင့်ပြုရန် ချင်းပြည်နယ်ဒေသ၊ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ကနေပြီးတော့ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို ၂၆-၉-၂၀၁၄ ရက်စွဲပါစာအမှတ် ၂၀/၁၁/ပ(ချင်း) ဖြင့် မတူပီမြို့နယ်၊ တိန်ဆီး-ဝေါတီး မြေလမ်း (၁၂)မိုင် ဖောက်လုပ်ခြင်းအတွက်ကို လုပ်ငန်းပြောင်းလဲဆောင်ရွက်ရန် ရန်ပုံငွေကျပ် (၁၀၀) သန်းလျာထားတင်ပြထားပြီး ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီးတစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**လောင်းလုံမြို့နယ်အတွင်း တရားမဝင်ငွေစု၊ လေလံငွေစု/ငွေချေးလုပ်ငန်းများ လုပ်ကိုင်ပြီး မပြေမလည်ဖြစ်သောအခါ မြို့နယ်တရားရုံးတွင် တရားစွဲဆိုခြင်းတို့နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် အနေဖြင့်မည်ကဲ့သို့ ကြီးကြပ်ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်မြင့်က လောင်းလုံမြို့နယ်အတွင်း တရားမဝင်ငွေစု၊ လေလံငွေစု/ငွေချေးလုပ်ငန်းများ လုပ်ကိုင်ပြီး မပြေမလည်ဖြစ်သောအခါ မြို့နယ်တရားရုံးတွင် တရားစွဲဆိုခြင်းတို့နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် အနေဖြင့်မည်ကဲ့သို့ ကြီးကြပ်ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးတင်မောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်အပေါင်းတို့ ခင်ဗျား မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအကြား ဖြစ်ပွားနေခဲ့တဲ့ တရားမဝင်ငွေစုတို့နှင့် ပတ်သက်၍ မည်သို့စီရင်ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း မေးခွန်းပဲ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော်ဟာ ဇူလိုင်လ ၁၄ ရက်နေ့ကတည်းက တင်ထားတဲ့ မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်အတွင်းရှိ ကျေးရွာများမှာ လွန်ခဲ့တဲ့ ၂၀၁၀ ခုနှစ်က ငွေစု၊ လေလံငွေစု၊ အော်စု၊ (၆)နှစ် (၆)လ စု ဟူ၍ ငွေစုလုပ်ငန်းများ ပေါ်ပေါက်ခဲ့ ပြီးတော့ ငွေစု၊ လေလံငွေစု၊ အော်စု တို့ရဲ့ သဘောက ငွေစုဒိုင် ပြုလုပ်သူမှ ၎င်းတို့ထံတွင် ငွေစု ထည့်ဝင်ရန် စည်းရုံးပြီး ပထမဆုံး ထည့်ဝင်ငွေကို ငွေစုဒိုင် လုပ်သူမှ ရယူကာ ကျန်အလှည့်များတွင် ငွေစု ထည့်ဝင်သူတို့မှ မဲနှိုက်၍ နံပါတ်အစဉ်အတိုင်း ရယူခြင်းဟု ငွေစုလို့ ခေါ်ပါတယ်။ ငွေစု ပါဝင်သူတို့မှ မဲနှိုက်ခြင်းမရှိဘဲ သတ်မှတ်ရက်နေ့မှာ လေလံဈေး လျှော့သကဲ့သို့ ငွေလျှော့ယူခြင်း ဒါကတော့ လေလံငွေစု ဖြစ်ပါတယ်။ မိမိယူမယ့် ငွေပမာဏ ဟာ မိမိဆန္ဒ အတိုင်း လျှော့ယူခြင်း ဒါကတော့ အော်စု ဖြစ်ပါတယ်။ အဲဒါတွေကို ကျွန်တော်တို့ မြို့နယ်အတွင်းမှာ ဆောင်ရွက်ခဲ့ကြပါတယ်။ (၆)နှစ် (၆)လဆိုတာကတော့ ငွေ(၁)သိန်းကျပ်လျှင် တစ်စုအဖြစ် သတ်မှတ်ကာ ငွေ ထည့်ဝင်သူဟာ ထည့်ဝင်ချိန်မှစ၍ (၆)နှစ် (၆)လကြာလျှင် (၂၄)သိန်းကျပ် ထုတ်ယူခွင့်ရှိသည် ဟု မက်လုံးပေးကာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး အစုတစ်စုထည့်ဝင်လျှင် တစ်လ(၅၀၀)နှုန်းအတိုးဖြင့် ငွေချေး ခွင့် ရရှိသောကြောင့် (၆)နှစ် (၆)လစု ထည့်ဝင်သူများဟာ အများအပြား ရှိခဲ့ကြပါတယ်။ ၎င်းလုပ်ငန်းဟာ ငွေချေးလိုင်စင် မရှိခြင်း၊ မည်သည့် အစိုးရဌာနတို့ရဲ့ ခွင့်ပြုချက် တစ်စုံတစ်ရာ မရှိခြင်း၊ သက်ဆိုင်ရာ ဘဏ်ချေးငွေဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်ခွင့် မရှိခြင်း၊ နိုင်ငံတော်သို့ အခွန်ငွေ ပေးသွင်းခြင်းလည်း မရှိခြင်း စတဲ့ တရားမဝင်တဲ့ လုပ်ငန်းများသာ ဖြစ်နေပါတယ်။

အဲဒီနောက် ငွေစုလုပ်ငန်းများဟာ လောင်းလုံမြို့နယ် ကျေးရွာအနှံ့အပြားမှာ အမြောက်အမြား လုပ်ဆောင်လာခဲ့ကြပြီး ငွေစု ရရှိသူများဟာ မိမိတို့ထည့်ရမည့် အလှည့်တွင် ထည့်ရန်ငွေ မရှိတော့သော အခါ တစ်ဖက်ထိုင်းနိုင်ငံသို့ ထွက်ပြေးခဲ့ကြပြီးနောက် ငွေစုလုပ်ငန်းများ ပျက်သွားခဲ့တာတွေ တွေ့ရှိရ ပါတယ်။ ထိုသို့ ငွေစုလုပ်ငန်းများ ပျက်သွား၍ ကျေးရွာသူ/ကျေးရွာသားများအကြားမှာ ငွေစု ထုတ်ယူ ထားပြီးသူ များဟာ ငွေပေးသွင်းရန် ကျန်နေပြီး ငွေစု မထုတ်ရသေးသော သူများနဲ့ ၎င်းတို့ ထည့်ဝင်ထား ငွေများကို ပြန်လည်တောင်းခံခဲ့ကြရာမှာ မပြေမလည် ဖြစ်လာသောအခါ သက်ဆိုင်ရာ ရဲစခန်းတို့တွင် လိမ်လည်မှု ပြစ်မှု ပုဒ်မ ၄၂၀၊ ယုံကြည်အပ်နှံအလွဲသုံးမှု ပုဒ်မ ၄၀၆ တို့ဖြင့် အရေးယူ ပေးရန် ပြုလုပ်ခဲ့ရာ သက်ဆိုင်ရာ ရဲစခန်းမှ ၎င်းလုပ်ငန်းများဟာ တရားမဝင်သော လုပ်ငန်းများ ဖြစ်၍ လက်ခံအမှုဖွင့်ခြင်း လုံးဝမရှိခဲ့ပါ။ သို့သော် လောင်းလုံမြို့နယ်တရားရုံးမှာ အထက်ပါ ငွေစုအမှု များအား ပြစ်မှု ပုဒ်မ ၄၂၀၊ ၄၀၆ တို့ဖြင့် လက်ခံစစ်ဆေးပြီး ကျေးရွာသူ/ကျေးရွာသား အမြောက်အမြား များကို ထောင်ဒဏ်ချမှတ်ခဲ့ ပါတယ်။ ထိုသို့ လူအမြောက်အမြားကို ထောင်ဒဏ်ချမှတ်ခဲ့ရာ စွပ်စွဲခံရသူ ကျေးရွာသူ/ကျေးရွာသား များမှ ပြည်ထောင်စုတရားလွှတ်တော်သို့ အသနားခံ တင်ပြခဲ့ရာ လောင်းလုံ မြို့နယ်တရားရုံးဟာ ပြစ်မှု များဖြင့် ဆက်လက်ထောင်ချမှတ်ခြင်း မပြုလုပ်တော့ပါ။ ထို့နောက် တရားမဝင် လုပ်ငန်းများမှ ရရန်ရှိ သည် ဟု ဆိုကာ တရားမမှုဖြင့် ငွေရလိုမှု ထပ်မံတရားစွဲဆိုခြင်းကိုလည်း လောင်းလုံမြို့နယ်တရားရုံးဟာ လက်ခံစစ်ဆေးခဲ့ပြီးနောက် အနိုင်ဒီကရီများ ချမှတ်ပေးခဲ့ပါတယ်။ တရားမမှု စွဲဆိုစဉ်က တရားလိုတို့ဟာ ငွေစုဒိုင်လုပ်ငန်း လုပ်ကိုင်ကြောင်းကို ဝန်ခံဖွင့်ဟခဲ့ကြပြီး အဆိုပါလုပ်ငန်းမှ ငွေရရန်ရှိကြောင်း တရားရုံး သို့ တင်ပြခဲ့ကြပါတယ်။ ထို့နောက် အနိုင်ဒီကရီကို အတည်ပြုရန်အတွက် ဇာရီအမှုများ ထပ်မံဖွင့်လှစ် အတည်ပြုလျက်ရှိနေကြပြီး ရရှိထားသော အနိုင်ဒီကရီအား အတည်ပြုရန်တွင် နေအိမ်၊ ခြံမြေများ၊ မော်တော်ဆိုင်ကယ်များကို ဝရမ်းဆွဲကပ်ခြင်း၊ လေလံတင်ရောင်းချခြင်းနှင့် တရားမ ထောင်ချမှတ်နေခြင်း တို့ကို ဆက်လက် ဆောင်ရွက်လျက်ရှိနေပါတယ်။

သို့ပါ၍ လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ (က) အောက်ပါငွေစုလုပ်ငန်းများသည် ငွေသိန်းပေါင်း မြောက်မြားစွာဖြင့် ဆောင်ရွက်ခဲ့ပါသော်လည်း နိုင်ငံတော်သို့ အခွန်အခ တစ်ပြားတစ်ချပ်မှ ပေးသွင်းခဲ့ခြင်းမရှိဘဲ နိုင်ငံတော် အခွန်အခ မရရှိအောင် တရားမဝင် ကြိုးပမ်းခဲ့ကြပါသည် ဟု တရားတစ်ထုံး စွဲဆိုသူ တရားလိုများမှ ကိုယ်တိုင်ဝန်ခံခဲ့ကြပြီး ငွေကြေးဆိုင်ရာ ဥပဒေများအား ချိုးဖောက်ကာ ဥပဒေမဲ့ ငွေကြေးစုဆောင်း ထုတ်ပေးခဲ့ပြီး တရားမဝင် လုပ်ကိုင်ခဲ့ကြသူ အချင်းချင်း မပြေမလည် ဖြစ်လာမှ ရုံးအခွန် ထမ်းဆောင်ကာ တရားတစ်ထုံး စွဲဆိုခွင့် ရှိ/မရှိ၊ (ခ) ၂၀ဝ၈ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ၂၀၁၀ ခုနှစ် ပြည်ထောင်စုတရားစီရင်ရေးမှူမှာ တရားဥပဒေနဲ့အညီ လွတ်လပ်စွာ တရားစီရင်ရေးကို ဖော်ပြထားရာ အထက်ပါ တရားမဝင်သော လုပ်ငန်းများမှ ပေးရန်၊ ရရန် ရှိသည့် အမှုများအား တရားရုံးမှ လက်ခံအမှု စီရင်ခဲ့ခြင်းသည် တရားဥပဒေနဲ့ ညီညွတ်မှု ရှိ/မရှိနဲ့ တရားဥပဒေနဲ့မညီဘဲ စီရင်ဆုံးဖြတ်ခဲ့သည့် ဒီကရီ ဖြစ်ခဲ့ပါက ပြည်ထောင်စုတရားလွှတ်တော်မှ မည်သို့ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း၊ (ဂ) ငွေရေးကြေးရေး အဖွဲ့အစည်းလုပ်ငန်းကို မြန်မာနိုင်ငံတော် ငွေရေးကြေးရေး ဥပဒေ ပုဒ်မ ၈၀ ဖြင့် ဗဟိုဘဏ်မှ ထုတ်ပေးသည့် လုပ်ကိုင်ခွင့်လိုင်စင် မရှိဘဲ လုပ်ကိုင်ခဲ့ခြင်းကို လောင်းလုံမြို့နယ် တရားရုံးသည် တရားမမှုပေါင်းမြောက်မြားစွာဖြင့် အမှုကို လက်ခံစီရင်ချက် ချမှတ်ခဲ့ခြင်းသည် တရားဥပဒေနှင့် ညီညွတ်ခြင်း ရှိ/မရှိ၊ (ဃ) လောင်းလုံမြို့နယ် တရားရုံးတွင် တရားမဝင်လုပ်ငန်း လုပ်ကိုင်ကြသူ ငွေစုဒိုင် များဘက်မှ အစဉ်တစိုက် အမှုလိုက်ပါနေသူ ရွှေ့နေသည် ၎င်း၏ နေအိမ်ပေါ်တွင် အရောင်းအဝယ် ပြုလုပ်ငွေပေးချေခဲ့သည့် နေအိမ်အား သက်သေဖြင့် ရောင်းချခဲ့ပြီးမှ မူလပိုင်ရှင်ကို ပိုင်ဆိုင်ပါသည်ဟု စွပ်စွဲက ဝရမ်းစွဲကပ်ခဲ့ခြင်းသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ရွှေ့နေကျင့်ဝတ်နဲ့ ညီညွတ်မှု ရှိ/မရှိနဲ့ ညီညွတ်မှု မရှိပါက မည်ကဲ့သို့ ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း၊ (င) ၂၀ဝ၈ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၁၄(က)(၂) အရ သက်ဆိုင်ရာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အား မြို့နယ်တရားရုံးများကို ကြီးကြပ်ရန် တာဝန်ပေးထားပြီးဖြစ်ရာ လောင်းလုံမြို့နယ် တရားရုံးတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀၊ ၄၀၆ ဖြင့် အမှုများ ရုတ်တရက် အမြောက်အမြား လက်ခံစစ်ဆေးခဲ့ခြင်း၊ တရားမမှုများ ရုတ်တရက်အမြောက်အမြား ဖြစ်ပေါ်လာခြင်းတို့နှင့် ပတ်သက်၍ တိုင်းဒေသကြီး တရားသူကြီးချုပ် အနေဖြင့် မည်ကဲ့သို့ ကြီးကြပ်ဆောင်ရွက်နေသည်ကို သိရှိလိုပါ၍ ဤမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်ရှိ တရားမကြီး အမှုအမှတ် ၁၀/၂၀၁၁ အမှုအား အမှန်တရား ပေါ်ပေါက်နိုင်ရေး အတွက် စစ်ဆေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုင်းမြမောင် က ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်ရှိ တရားမကြီးအမှုအမှတ် ၁၀/၂၀၁၁ အမှုအား အမှန်တရား ပေါ်ပေါက်နိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးစိုင်းမြမောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမြမောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဒီနေ့ မေးမြန်းမယ့် မေးခွန်းကတော့ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်ရှိ တရားမကြီးအမှုအမှတ် ၁၀/၂၀၁၁ အမှုအား အမှန်တရား ပေါ်ပေါက်နိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးကောင်းမြို့နယ် ကုန်းနှောကျေးရွာ (၁) ဒေါ်ဖြူ (၂) ဒေါ်အေးဖုန်၊ (၃) ဦးအားတက်(ခ)ဦးရှောတီ၊ (၄) ဒေါ်ဆွမ့်ရင်၊ (၅) ဒေါ်ကျန်ဟွမ် ပေါင်း(၅)ဦးတို့ဟာ ၁၅-၂-၂၀၀၆ ရက်နေ့မှစပြီးတော့ အဖွဲ့ဝင်(၂၇)ဦး တစ်ဦးလျှင် (၁)သိန်း (၅)သောင်းစီဖြင့် တရားပြိုင်များနှင့် မစန်းစန်းလွင်(ခ)မမီးမီး၊ မက/၉၁ မင်းကုန်းရပ် ဗန်းမော်တို့ထံ စုကြေးများ ထည့်ဝင်ကာ မစန်းစန်းလွင် မှ ဒိုင်အဖြစ် လုပ်ကိုင်ပြီး လစဉ် စုဆောင်း၍ အလှည့်ကျ ထုတ်ယူခံစားကြပါတယ်။ ထိုသို့ စုကြေး ထည့်ဝင်လာရာ ၁၅-၂-၂၀၀၆ ရက်နေ့မှ ၁၅-၃-၂၀၀၇ ရက်နေ့အထိဖြစ်ပြီး ၁၅-၄-၂၀၀၇ ရက်နေ့မှာ အကြောင်းအမျိုးမျိုးကြောင့် စုကြေးထည့်ဝင်ခြင်းအား ရပ်ပြီးတော့မှ ဖျက်သိမ်းခဲ့ရာ အထက်ဖော်ပြပါ (၅)ဦးတို့ (၁၅)ကြိမ်တိုင် ထည့်ဝင်ခဲ့တဲ့ စုကြေးငွေ (၅)ဦးအတွက် ကျပ်သိန်း (၂၀၆၅၀၀၀၀)အား ပြန်လည်ပေးဆပ်ခြင်း မရှိတဲ့အတွက် ဗန်းမော်ခရိုင်တရားရုံးတော်သို့ တရားမအမှုကြီးအမှတ် ၁၀/၂၀၁၁ ဖြင့် တရားစွဲဆိုခဲ့ရာ လျှောက်ထားသူ(၅)ဦးတို့မှာ အနိုင်ဒီကရီ ရရှိခဲ့ပါတယ်။ ခရိုင်တရားရုံးတော်မှ အနိုင်ဒီကရီ ချမှတ်ခဲ့ခြင်းအား ဖော်ပြပါ တရားပြိုင်(၃)ဦးမှ ကချင်ပြည်နယ် တရားလွှတ်တော်သို့ အယူခံတင်သွင်းရာတွင် မူလစုကြေးထည့်ဝင်ခဲ့ကြတဲ့ (၂၇)ဦးအား ABC အုပ်စု (၃)ခု ခွဲပြီးတော့မှ စွဲဆိုခဲ့ပြီး အုပ်စု A နဲ့ အုပ်စု B တို့သာလျှင် အနိုင်ဒီကရီ စုကြေးငွေများ ပြန်လည်ရရှိကြသော်လည်း အုပ်စု C ဖြစ်တဲ့ လျှောက်ထားသူတို့ (၅)ဦး၏ စုကြေးငွေများ ရရှိခဲ့ခြင်း မရှိပါ။ ၂၄-၅-၂၀၁၄ ရက်နေ့မှာ လျှောက်ထားသူတို့မှ ၎င်းတို့၏ ရှေ့နေ ဦးတင်အောင်ခိုင် အားသွားရောက်မေးမြန်းရာမှာ ၎င်းတို့မှ မင်းတို့အမှု ရေထဲမျှောလိုက်ပြီ ဟု ပြန်လည်ဖြေကြားခဲ့ကြောင်း ရှုံးပြီဟူသော သဘော သက်ရောက်နေကြောင်း ပြောပြ သိရှိရပါတယ်။ လျှောက်ထားသူတို့ (၅)ဦးတို့မှာ စုကြေးငွေများ (၁၅)ကြိမ်တိုင်တိုင် ထည့်ဝင်ခဲ့ခြင်း၊ စာရွက်စာတမ်းဖြတ်ပိုင်း သက်သေခံများ တရားလိုပြ သက်သေထွက်ဆိုချက်များဖြင့် ခိုင်မာစွာ တရားနည်းလမ်းတကျ တရားစွဲဆိုခဲ့ခြင်း၊ ခရိုင်တရားသူကြီး အဆင့်မှ ဥပဒေ၊ နည်းဥပဒေများအတိုင်း စစ်ဆေးစီရင်ခဲ့၍ အနိုင်ဒီကရီ ရရှိခဲ့ခြင်းဖြစ်ပြီး ကချင်ပြည်နယ် တရားရုံးတော် တရားပြိုင်များ အယူခံဝင်ရောက်ပါမှ လျှောက်ထားသူ(၅)ဦးတို့သည် စုကြေးငွေ ပြန်မရပါဘဲ ကြားတွင် ပျောက်ဆုံးနေပါတယ်။

ပြည်နယ်တရားရုံးသို့ သွားရောက်စုံစမ်းမေးမြန်းရာမှာ ၎င်းအမှုမှာ ပြီးဆုံးသွားပြီဖြစ်ကြောင်း ပြန်လည်ရုပ်သိမ်းသွားပြီးဖြစ်ကြောင်း ၎င်းတို့နှင့် မသက်ဆိုင်တော့ကြောင်း ပြောပြသိရှိရပါတယ်။ လျှောက်ထားသူ(၅)ဦးတို့သည် အမှန်တကယ် နစ်နာဆုံးရှုံးခဲ့၍သာ ၂၀၀၆ ခုနှစ်မှ ယနေ့တိုင် (၈)နှစ်နီးပါး

ငွေကုန်ခံ အချိန်ကုန် လူပန်းဖြင့် အမှန်တရားကို စောင့်မျှော်ခဲ့ကြသူများ ဖြစ်ပါတယ်။ အကျိုးဆောင် ရှေ့နေ ဦးတင်အောင်ခိုင် မှ အမှုလိုက်ရန်အတွက်ဆိုပြီး (၃)သိန်း (၂)သိန်း (၅)သောင်း စသဖြင့် အကြိမ်ကြိမ် ပေးခဲ့ရပါတယ်။ ပြည်သူအများဟာ တရားဥပဒေနည်းလမ်းများကို မသိရှိ နားမလည်၍ ရှေ့နေရှေ့ရပ်များကို ယုံကြည်အားကိုးမှု အပ်နှံခြင်း ပြုကြပါတယ်။ ယခု အနေအထားအရ ရှေ့နေငှားမှ ထောင်လုံးလုံးကျ၊ ဖွတ်မရ ဓားမရှုံးဘဝနဲ့ လမ်းစပျောက်နေကြရပါတယ်။ နောက်ဆုံး သိရှိချက်အရ လျှောက်ထားသူ (၅)ဦးအနက်မှ (၅)ယောက်မြောက်ဖြစ်တဲ့ ဒေါ်ကျန်ဟွမ် မှာ တရားပြိုင်များနဲ့ ဆွေမျိုးများ ဖြစ်တဲ့အတွက်ကြောင့် ၎င်းတို့နှင့် ညှိနှိုင်းပြေလည်ကြပြီးဖြစ်ကြောင်း သိရှိရပါတယ်။ (၄)ယောက်သာ ကျန်ရှိခြင်းဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

သို့ပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ (က) ကချင်ပြည်နယ် ဗန်းမော်ခရိုင် တရားမမှု အမှတ် ၁၀/၂၀၁၁ အမှုအား အမှန်တရားပေါ်ပေါက်နိုင်ရေးအတွက် ပြန်လည်စစ်ဆေးပြီး ဖြေရှင်းပေးနိုင်မှု အစီအစဉ် ရှိ/မရှိ။ (ခ) အမှုတွဲ တစ်ခုတည်းဖြစ်ပြီး ABC အုပ်စုခွဲ၍ တရားစွဲဆိုခွင့်ပြုပြီး AB အတွက်သာ အနိုင်ဒီကရီ စုကြေးငွေ ပြန်လည်ရရှိပြီး C အုပ်စုမှာ အဘယ်ကြောင့် ရေထဲမျှောလိုက်ရသည်ကို သိရှိလိုပါသည်။ (ဂ) လျှောက်ထားသူ(၅)ဦး C အုပ်စု တို့မှာ မသိလိုက်ရဘဲ အမှုရုပ်သိမ်းသွားသည်မှာ မည်သို့မည်ပုံ ရုပ်သိမ်းသွားသည်ကို သိရှိလိုပါတယ်။ (ဃ) တရားမမှုများမှာ (၄)နှစ် (၅)နှစ် (၆)နှစ်အထိ ကြန့်ကြာနေမှုများကြောင့် ပြည်သူများအနေဖြင့် တရားစီရင်ရေးစနစ်အား အထင်သေး၍ ရွံ့ကြောက်စိတ်များ ရှိနေပြီး ဥပဒေစိုးမိုးရေး ပျက်ပြားစေနိုင်သောကြောင့် မှန်မှန်နှင့် မြန်မြန် မည်သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုပါသည်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၅။**

**ဦးစိုးညွန့် (တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်မြင့် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်မြင့် မေးမြန်းတဲ့ မေးခွန်းမျိုးကို ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာ လောင်းလုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး

လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး က မေးမြန်းခဲ့တဲ့အတွက် တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က ရှင်းလင်းဖြေကြားခဲ့ပါကြောင်းကို ပဏာမ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်မြင့် မေးမြန်းတဲ့ မေးခွန်း အမှတ်(က)နဲ့ ပတ်သက်ပြီးတော့ ရှေးဦးစွာ ကျွန်တော် ဖြေကြားပါမယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကြီးရဲ့ မေးခွန်းမှာပါတဲ့ ငွေစုလုပ်ငန်းဆိုတာမှာ ခုနအမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ရှင်းလင်းတင်ပြသွားခဲ့သည့်အတိုင်းပဲ တစ်နေရာနှင့်တစ်နေရာ မတူညီသော်လည်းပဲ များသောအားဖြင့် အရင်းအနှီး ရယူလိုသူ (၅)ဦး၊ (၁၀)ဦး၊ (၁၅)ဦး စသူတို့က သဘောတူ သတ်မှတ်ထားတဲ့ စုကြေးငွေကို လစဉ် ငွေစုဒိုင်ထံမှာ ထည့်ဝင်စုဆောင်ပြီးတော့ ရရှိလာတဲ့ ငွေတွေကို အလှည့်ကျ သုံးစွဲတဲ့စနစ် ဖြစ်ပါတယ်။ အဲဒီလို ငွေစုလုပ်ငန်း လုပ်ကိုင်ကြရာမှာ မိမိတို့ စုပေါင်းပြီးတော့ လစဉ် ထည့်ဝင်ထားတဲ့ စုဆောင်းရရှိတဲ့ငွေတွေကို တစ်ဦးချင်း အလှည့်ကျသုံးစွဲကြဖို့ အားလုံး သဘောတူညီတဲ့ ပဋိညာဉ်အရ ဆောင်ရွက်တဲ့လုပ်ငန်း ဖြစ်ပါတယ်။ မေးခွန်းပါ အချင်းချင်းမပြေမလည် ဖြစ်လာကာမှ ရုံးခွန်ထမ်းဆောင် ကာ တရားတစ်ထုံးစွဲဆိုခွင့် ရှိ/မရှိ ဆိုတဲ့အချက်ကတော့ အမှုတစ်မှုချင်းအလိုက် ပေါ်ပေါက်တဲ့ အကြောင်းခြင်းရာများပေါ်မှာပဲ မူတည်မှာ ဖြစ်ပါတယ်။

ယေဘုယျအားဖြင့်တော့ အချင်းချင်း ပြုလုပ်ထားတဲ့ ပဋိညာဉ်အရ နှောင်ဖွဲ့မှုရှိတဲ့အတွက် ငွေစုလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးဦးက သဘောတူထားတဲ့ စည်းကမ်းချက်ပဋိညာဉ်ကို ဖောက်ဖျက်မည် ဆိုပါက နစ်နာသူက ရုံးခွန် ထမ်းဆောင်ပြီးတော့ တရားမကြောင်းအရ တရားတစ်ထုံးစွဲခွင့် ရှိပါတယ်။ အခြားသူများက အပ်နှံထားတဲ့ငွေကို လက်ခံရယူထားသူက ပြန်ပေးရမည့် တာဝန်ရှိတာဟာ ပြန်ပေးဖို့ အတွက် တာဝန်ရှိပါတယ်။ ပြန်မပေးရင်တော့ ငွေအပ်နှံထားတဲ့သူက တရားစွဲဆိုပြီး တောင်းဆိုခွင့်ရှိခြင်း သည် ဥပဒေကြောင်းအရ သာမက သဘာဝတရားအရပါ မျှတမှု ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်း(ခ)နဲ့ ပတ်သက်ပြီးတော့ ငွေစုလုပ်ငန်းဟာ တစ်ဦးချင်း ငွေအရင်းနည်းတဲ့သူများက သဘောတူသူ အချင်းချင်း စုပေါင်းပြီးတော့ စုဆောင်းရရှိတဲ့ငွေတွေကို မိမိတို့အချင်းချင်း အလှည့်ကျ သုံးစွဲခြင်းသာဖြစ်တဲ့အတွက် လောင်းကစား ဆန်တဲ့ လုပ်ငန်းလည်း မဟုတ်ပါဘူး။ ငွေရေးကြေးရေး အဖွဲ့အစည်းရဲ့ လုပ်ငန်းမျိုးကိုလည်း လုပ်ကိုင်ဆောင်ရွက်ခြင်းမျိုး မဟုတ်ပါက တရားမဝင်သော လုပ်ငန်းဟု ဆိုနိုင်မှာ မဟုတ်ပါဘူး။ တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၉ မှာ ဥပဒေအရ ပိတ်ပင်ထားခြင်း မရှိတဲ့ တရားမမှုကို တရားစွဲဆိုလာပါက တရားရုံးက လက်ခံစစ်ဆေးရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားတဲ့ အတွက် ငွေစုလုပ်ငန်းနဲ့ပတ်သက်တဲ့ အမှုများကို တရားရုံးမှ လက်ခံစီရင်ခဲ့ခြင်းဟာ ဥပဒေနှင့်ညီညွတ်မှု ရှိကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်း (ဂ)နဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ ပုဒ်မ ၂ (က)မှာ ငွေရေးကြေးရေး အဖွဲ့အစည်း ဆိုတာဟာ ချေးငွေလုပ်ငန်း၊ ငွေချေးလုပ်ငန်းများနှင့် ပတ်သက်ပြီးတော့ကာ ယင်းအဖွဲ့အစည်းများက ရင်းနှီးမြှုပ်နှံမှုပြုရန် ငွေရေးကြေးရေး အရင်းအမြစ် များကို အခြားပုဂ္ဂိုလ်များထံမှ စုစည်းပြီးတော့ ငွေကြေး သို့မဟုတ် အရင်းအနှီး ဈေးကွက်များမှာ ကြားဝင်ပေါင်းစပ် ဆောင်ရွက်ပေးရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အတွင်းမှာ တည်ထောင်ထားတဲ့ အဖွဲ့အစည်းလို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီတော့ ငွေစုလုပ်ငန်းကတော့ အခြားပုဂ္ဂိုလ်တွေကို ငွေချေးတဲ့ လုပ်ငန်းမျိုး လုပ်ကိုင်တဲ့ အဖွဲ့အစည်းမျိုး မဟုတ်ပါဘူး။ ငွေရေးကြေးရေး အရင်းအနှီးဈေးကွက်မှာလည်း

ကြားဝင်ပေါင်းစပ် ဆောင်ရွက်ပေးတဲ့ အဖွဲ့အစည်း မဟုတ်ပါဘူး။ ဒါကြောင့် မြန်မာနိုင်ငံတော် ငွေရေးကြေးရေး ဥပဒေမှာ ဖော်ပြထားတဲ့ ငွေရေးကြေးရေး အဖွဲ့အစည်းမျိုး မဟုတ်ကြောင်း တင်ပြအပ်ပါတယ်။ အချင်းချင်း စုပေါင်းပြီးတော့ကာ ငွေစုခြင်းဖြစ်တဲ့အတွက် မိမိတို့အချင်းချင်း သဘောတူစုပေါင်းပြီးတော့ ငွေစုတာ ဖြစ်တဲ့အတွက် မြန်မာနိုင်ငံတော် ငွေရေးကြေးရေး ဥပဒေ ပုဒ်မ ၈၀ အရ ဗဟိုဘဏ်မှ ထုတ်ပေးတဲ့ လုပ်ကိုင်ခွင့် လိုင်စင်ကိုလည်း လျှောက်ထားဖို့ မလိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့် လောင်းလုံမြို့နယ် တရားရုံးက ငွေစုလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ တရားမမှုများကို လက်ခံစီရင်ခြင်းဟာ ဥပဒေနဲ့ညီညွတ်မှု ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မေးခွန်းမှာ ဖော်ပြထားတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်မှာ ဖြစ်ပွားခဲ့တဲ့ ပြစ်မှုများနဲ့ ပတ်သက်ပြီးတော့ ငွေစုအပ်နှံသူများက ယုံကြည်အပ်နှံထားတဲ့ငွေကို လက်ခံထားတဲ့ ငွေစုဒိုင်ကနေပြီးတော့ ပြန်မပေးတဲ့အတွက် ငွေစုဒိုင်ပေါ်မှာ ငွေစုအပ်နှံထားသူများက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ တရားစွဲဆိုတဲ့အမှုတွေ ငွေစုလက်ခံသူက ဖြားယောင်းသွေးဆောင် ကတိထားခြင်းကြောင့် ထည့်ဝင်ထားတဲ့ငွေကို ငွေစုဒိုင်က ပြန်မထုတ်ပေးခြင်းကြောင့် ငွေစုဒိုင်ပေါ်မှာ ငွေစုအပ်နှံထားသူများက ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၂၀ အရ တရားစွဲဆိုထားတဲ့ အမှုများနဲ့ တရားမကြောင်းအရ စွဲဆိုထားတဲ့ အမှုများ ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီပြစ်မှုများကို လောင်းလုံမြို့နယ် တရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုတဲ့အခါမှာ တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနဲ့အညီ လက်ခံစစ်ဆေးရပါတယ်။ တရားစွဲဆိုခြင်းခံရတဲ့ ငွေစုဒိုင်ဟာ စွဲဆိုထားတဲ့ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀၆၊ ၄၂၀ အရ ပြစ်မှုကို ကျူးလွန်ကြောင်း သက်သေထင်ရှား ပေါ်ပေါက်မယ် ဆိုရင်တော့ သက်သေထင်ရှား ပေါ်ပေါက်တဲ့အတိုင်းပဲ တရားရုံးက ငွေစုလက်ခံထားသူ ငွေစုဒိုင်ကို ယင်းဥပဒေများအရ ပြစ်မှုထင်ရှား စီရင်ခဲ့ခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ငွေစုလုပ်ငန်း လုပ်ကိုင်သူ ငွေစု ဒိုင်များဘက်မှ အမှု လိုက်ပါတဲ့ ရှေ့နေ ဦးပိုညွန့် မေးမြန်းတဲ့ ၁၂၁ရှိရင် ဥပဒေနဲ့အညီ စုံစမ်းမှု ဖွင့်လှစ်ပြီးတော့ စုံစမ်းမှု ပြုလုပ်ရပါတယ်။ ဒီ စုံစမ်းမှု ပြုလုပ်တဲ့အခါမှာ စုံစမ်းမှုမှာ စွပ်စွဲခံရတဲ့ ရှေ့နေကို ဥပဒေအရ ပေးအပ်ထားတဲ့ ပြန်လှန်စစ်မေးခြင်း ခုခံချေပခွင့်ပေးခြင်းတို့ ပြုလုပ်ရပါတယ်။ ဒါကြောင့် ဒီလို စနစ်တကျ စုံစမ်းမှု ပြုလုပ်ပြီးမှသာ ရှေ့နေကျင့်ဝတ် ဖောက်ဖျက်ခြင်း ရှိ/မရှိ ကို ဥပဒေအရ အာဏာအပ်နှင်းထားတဲ့ စုံစမ်းစစ်ဆေးပိုင်ခွင့်ရှိတဲ့ အဖွဲ့က ဆုံးဖြတ်ပေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ရှေ့နေ ဦးပိုညွန့် နဲ့ပတ်သက်ပြီး စုံစမ်းမှုပြုလုပ်ထားကြောင်း မတွေ့ရတဲ့အတွက် ရှေ့နေကျင့်ဝတ်နဲ့ ညီညွတ်ခြင်း ရှိ/မရှိ ဦးစွာ ကြိုတင်အနေနဲ့ ဖြေကြားနိုင်ခြင်း မရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

လောင်းလုံမြို့နယ်တရားရုံးမှာ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၀၆၊ ၄၂၀ အရအမှုများ၊ တရားမမှုများ ပေါ်ပေါက်လာခြင်းနဲ့ပတ်သက်ပြီးတော့ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် အနေနဲ့ မည်ကဲ့သို့ကြီးကြပ်ဆောင်ရွက်နေကြောင်း သိရှိလိုပါကြောင်း မေးခွန်းအမှတ်(င)နဲ့ ပတ်သက်ပြီးတော့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အနေနဲ့ လက်အောက် တရားရုံးများက အမှုများကို ဥပဒေနဲ့အညီ လွတ်လပ်စွာ တရားစီရင်ရန်နှင့် မှန်ကန်မျှတစွာ စီရင်ဆုံးဖြတ်ရန်အတွက် ကြီးကြပ်ရန် တာဝန်ရှိပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က တနင်္သာရီတိုင်းဒေသကြီး လွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာ တိုင်းဒေသကြီး တရားလွှတ်တော်

တရားသူကြီးချုပ်အနေဖြင့် အမှုများကို ဥပဒေနဲ့အညီ စီရင်ဆုံးဖြတ်ရန် သက်ဆိုင်ရာ မြို့နယ်တရားသူကြီးများအား အမြဲမပြတ် မှာကြားလျက်ရှိပါကြောင်း၊ ဥပဒေ လုပ်ထုံးလုပ်နည်းများကို ရှင်းပြခဲ့ပါကြောင်း၊ မြို့နယ်တရားသူကြီးများက လိုက်နာဆောင်ရွက်ရန် အချက်များကိုလည်း လိုက်နာဆောင်ရွက်ရန် ကြီးကြပ်ခဲ့ပါကြောင်း ဖြေဆိုထားတာကိုသိရှိနိုင်ပါရန် ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမြမောင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းများနဲ့ ပတ်သက်ပြီးတော့ ဆက်လက်ပြီး ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာပါရှိတဲ့ ဗန်းမော်ခရိုင်တရားရုံး တရားမကြီးအမှုအမှတ် ၁၀/၂၀၁၁ မှာ ဦးစိုးသိန်း ပါ(၅)ဦးတို့က တရားပြိုင် ဦးထွန်းရွှေ တို့ အပေါ်မှာ စုကြေးငွေ(၁၄၅)သိန်း ရလိုမှုကို တရားစွဲဆိုတဲ့အခါမှာ ခရိုင်တရားရုံးက ဒီကရီချပေးပြီး၊ အနိုင်ဒီကရီ ချမှတ်ပေးခဲ့ပါတယ်။ အဲဒီ ဒီကရီကို တရားပြိုင် ဦးထွန်းရွှေ ပါ(၃)ဦးတို့က ကချင်ပြည်နယ် တရားလွှတ်တော်ကို ၂၀၁၂ ခုနှစ် တရားမအယူခံအမှုနဲ့ အယူခံတင်သွင်းခဲ့ကြပါတယ်။ အယူခံတင်သွင်းတဲ့ အခါမှာတော့ ကချင်ပြည်နယ် တရားလွှတ်တော်က တရားလိုများဟာ (၁၅)ကြိမ်အထိ စုကြေးငွေထည့်ဝင်ခဲ့တဲ့အကြောင်း၊ (၁၅)ကြိမ်မြောက်ဖြစ်တဲ့နေ့မှာတော့ စုကြေးငွေလုပ်ငန်းကို ပျက်တဲ့အတွက် (၁၅)ကြိမ်မြောက် ထည့်ဝင်ငွေကို ပြန်ရရှိပြီးဖြစ်ကြောင်း၊ သို့သော်လည်းပဲ (၁၄)ကြိမ် မြောက်အထိ ထည့်ဝင်ထားတဲ့ ငွေတွေကို တရားစွဲဆိုထားခြင်းဖြစ်ကြောင်း၊ အဲဒီလို တောင်းဆိုထားတဲ့၊ သဘောတူထားတဲ့ နှုတ်ပဋိညာဉ်ကို ဖောက်ဖျက်တဲ့အတွက် လျော်ကြေးငွေ တောင်းဆိုခြင်း ဖြစ်တဲ့ အတွက် ကာလစည်းကမ်းသတ်ဥပဒေ ဇယား ၁၁၅ အရ ပဋိညာဉ်ဖောက်ဖျက်တဲ့ အချိန်ကစပြီး (၃)နှစ်အတွင်း တရားစွဲဆိုရမှာဖြစ်ကြောင်း၊ ပဋိညာဉ်ဖောက်ဖျက်တဲ့ ၁၅-၄-၂၀၀၇ ခုနှစ်မှ (၃)နှစ် အတွင်းဆိုလျှင် ၁၅-၄-၂၀၁၀ နေ့တွင် တရားစွဲဆိုရမည်ဖြစ်သော်လည်းပဲ ၂၂-၄-၂၀၁၀ ရက်နေ့ကျမှ တရားစွဲဆိုခြင်း ဖြစ်တဲ့အတွက် ကာလစည်းကမ်းသတ် ကျော်လွန်နေကြောင်း သုံးသတ်ပြီးတော့က ဦးစိုးသိန်း ပါ(၅)ဦး စွဲဆိုသောအမှုကို ပလပ်ခဲ့ခြင်း ဖြစ်ပါတယ်။

တရားလွှတ်တော်ရဲ့ စီရင်ချက်နဲ့ ဒီကရီကို ဦးစိုးသိန်း ပါ(၅)ဦးက မကျေနပ်လို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကို ထပ်မံပြီးတော့ တရားမအယူခံမှု တင်သွင်းသော်လည်းပဲ ပလပ်ခြင်းခံခဲ့ရ ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ဒီကရီကို ဦးစိုးသိန်း ပါ(၅)ဦးတို့က အထူးအယူခံဝင်ခွင့်ပြုရန်အတွက် ဆက်လက်ပြီးတော့ လျှောက်ထားခြင်းမရှိကြောင်း တွေ့ရပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ မေးခွန်းအမှတ်(၁)နဲ့ ပတ်သက်ပြီးတော့ မူလရုံး ဦးစိုးသိန်း ပါ(၅)ဦးတို့အား စုကြေးငွေများကို အမှန်တကယ် ထည့်ဝင်ခဲ့ကြပြီး အလှည့်ကျ ထုတ်ယူခံစားခွင့် မရှိသေးသည့်အတွက် အဆိုပါငွေများကို ရရှိရန်အတွက် တရားမမှုစွဲဆိုခြင်းဟာ မှန်သော်လည်းပဲ ၎င်းတို့ စွဲဆိုတဲ့အမှုဟာ တရားစွဲဆိုရန် သတ်မှတ်ထားတဲ့ ကာလစည်းကမ်းသတ် အက်ဥပဒေပါ သတ်မှတ်ကာလကို ကျော်လွန်နေတဲ့အတွက် အယူခံရုံးဖြစ်တဲ့ ကချင်ပြည်နယ် တရားလွှတ်တော်က ကာလစည်းကမ်းသတ်ဥပဒေ ပုဒ်မ ၃ အရ အမှုကို ပလပ်ခဲ့ခြင်းသာ ဖြစ်ပါတယ်။ ဦးစိုးသိန်း ပါ(၅)ဦးတို့က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဆက်လက်အယူခံ တင်သွင်းပေမယ်လို့လည်း ၎င်းနဲ့ ထိုတင်သွင်းတဲ့အယူခံကို ဆက်လက်ပြီး ပလပ်ခဲ့ပါတယ်။ ဦးစိုးသိန်း တို့အနေဖြင့် အမှုစွဲဆိုတဲ့နေရာမှ ကာလ

စည်းကမ်းသတ် ကျော်လွန်ခြင်းကြောင့် အယူခံရုံး အဆင့်ဆင့်မှာ အမှုရှုံးနိမ့်ရခြင်းပဲ ဖြစ်ပါတယ်။ ဦးစိုးသိန်း တို့ စွဲဆိုတဲ့အမှုဟာ အမှုမှန် ဖြစ်သော်လည်းပဲ စွဲဆိုရာမှာ ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ တရားစွဲဆိုခြင်းကြောင့် အမှုရှုံးနိမ့်ရခြင်း ဖြစ်တဲ့အတွက် ၎င်းတို့ရဲ့အမှုကို ပြန်လည်စစ်ဆေး ဖြေရှင်းပေး နိုင်မှာ မဟုတ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်းအမှတ်(၂)နဲ့ စပ်လျဥ်းပြီးတော့ ဗန်းမော်ခရိုင်တရားရုံး ၂၀၁၁ ခုနှစ် တရားမကြီး အမှု အမှတ်(၁၀)မှာ တရားလို ဦးစိုးသိန်း တို့က အေအုပ်စု၊ ဘီအုပ်စု၊ စီအုပ်စု ဆိုပြီးတော့ အုပ်စုခွဲခြားပြီးတော့ စုကြေးငွေများ ရရှိဖို့အတွက် တရားစွဲဆိုခဲ့ကြတဲ့နေရာမှာ အယူခံရုံးဖြစ်တဲ့ ကချင်ပြည်နယ် တရား လွှတ်တော်က တရားလို(၅)ဦးလုံး စွဲဆိုတဲ့ အမှုတစ်ခုလုံးကို ပလပ်ခဲ့ခြင်းဖြစ်ပါတယ်။ အေ၊ ဘီ၊ စီ အုပ်စု (၃)ခုစလုံးအတွက် စုကြေးငွေများကို ပေးခဲ့ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်းအမှတ်(၃)နဲ့ ပတ်သက်ပြီးတော့ကာ ဦးစိုးသိန်း ပါ (၅)ယောက်တို့ဟာ ဗန်းမော်ခရိုင် တရားရုံးမှာ အခု ၂၀၁၁ ခုနှစ် တရားမကြီးအမှု အမှတ်(၁၀) မစွဲခင်မှာ ကချင်ပြည်နယ်တရားရုံးမှာ ၂၀၀၈ ခုနှစ်က အမှုတစ်ခု အရင်စွဲဆိုခဲ့ပါတယ်။ အဲဒီလို စွဲဆိုတဲ့အတွက် အဲဒီအမှုမှာ လိုက်ပါတဲ့ တရားလို များရဲ့ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်တဲ့ တရားလွှတ်တော်ရှေ့နေ ဦးတင်အောင်ခိုင် က အဲဒီအမှုမှာ တရားလိုပြသက်သေတွေ စစ်ဖို့ချိန်းဆိုထားတဲ့နေ့မှာပဲ အဲဒီအမှုကို အမှုသစ်စွဲဆိုခွင့်နှင့်တကွ အမှုကို ရုပ်သိမ်းခွင့်ပြုပါဆိုပြီးတော့ တရားလိုများကနေပြီးတော့ စာနဲ့လျှောက်ထားတဲ့အတွက် ပြည်နယ် တရားရုံးကနေပြီးတော့ အမှုရုပ်သိမ်းခွင့် ပြုခဲ့ခြင်းဖြစ်ပါတယ်။ တရားလို ဦးစိုးသိန်း ပါ(၅)ဦးတို့ဟာ အမှုရုပ်သိမ်းခွင့်ပြုရန် ၎င်းတို့ကပဲ တရားရုံးကို လျှောက်ထားခြင်းဖြစ်တဲ့အတွက် ၎င်းတို့ လျှောက်ထား ချက်အရ တရားရုံးက ဥပဒေနဲ့အညီ အမှုကိုရုပ်သိမ်းခွင့်ပြုခဲ့ခြင်း ဖြစ်တဲ့အတွက် ၎င်းတို့အနေနဲ့ ဒီအမှုရုပ်သိမ်းခွင့်ပြုခဲ့တဲ့ကိစ္စကို မသိနိုင်စရာ အကြောင်းမရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

မေးခွန်းအမှတ်(၄)နဲ့ ပတ်သက်ပြီးတော့ ပထမစွဲဆိုတဲ့ ကချင်ပြည်နယ် တရားရုံး အမှုအမှတ် ၂၀၀၈ ခုနှစ် တရားမကြီးအမှုကို အမှုစွဲဆိုပြီးတော့ ပြန်လည်ရုပ်သိမ်းသွားတဲ့အတွက် ဒီရုပ်သိမ်းခွင့် ချမှတ်ပြီး ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၀၈ ခုနှစ်က အမှုက ပြီးပြတ်ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ တရားလိုများက ဗန်းမော်ခရိုင်တရားရုံးမှာ တရားစစွဲတာ ၂၀၁၀ ဖြစ်ပါတယ်။ ၂၀၁၀ ကျမှ ထပ်ပြီးတော့ အမှုတစ်ခုထပ်စွဲတဲ့အခါမှာ အဲဒီအမှုကို ၂၀၁၁ ခုနှစ်မှာပဲ အမိန့်ချမှတ်တာ ဖြစ်တဲ့အတွက် ဒီအမှုဟာ တစ်နှစ်အတွင်းမှာပဲ ပြီးပြတ်ခဲ့ပါကြောင်း၊ စစ်ဆေးပြီးပြတ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အဲဒီအဆိုပါ ဒီကရီကို ဦးထွန်းရွှေ တို့က ကချင်ပြည်နယ် တရားလွှတ်တော်ကို ၂၀၁၂ ခုနှစ်မှာ အယူခံ တင်သွင်းတဲ့ အခါမှာ ဒီ၂၀၁၂ ခုနှစ်အတွင်းမှာပဲ ဒီကရီချမှတ်တာဖြစ်တဲ့အတွက် ဒီ(၆)လအတွင်းမှာပဲ ဒီအယူခံ အမှုဟာ ကချင်ပြည်နယ်မှာ အမှုပြီးပြတ်သွားကြောင်း တွေ့ရပါတယ်။

ဆက်လက်ပြီး ဦးစိုးသိန်း တို့က ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ၂၀၁၂ ခုနှစ်နဲ့ ၂၀၁၂ခုနှစ်မှာ တရားမအယူခံ ထပ်မံပြီးတော့ တင်သွင်းပါတယ်။ သူတို့တင်သွင်းတဲ့ ၅-၇-၂၀၁၂ မှာတင်သွင်းတဲ့ အယူခံအမှုကို ၈-၆-၂၀၁၂ ရက်မှာ အမှုကို ပလပ်ခဲ့တာဖြစ်တဲ့အတွက် (၁)လအတွင်းမှာပဲ အမှုပြီးပြတ်သွားကြောင်း တွေ့ရပါတယ်။ ဒါကြောင့် ဦးစိုးသိန်း တို့ စွဲဆိုတဲ့ တရားမမှုဟာ (၄)၊ (၅)၊ (၆)နှစ် ကြန့်ကြာမှုမရှိပါကြောင်း တင်ပြအပ်ပါတယ်။ အမှုစတင်ပြီးစွဲတဲ့ ၂၀၁၀ က စပြီးတော့ကာ တရားရုံး

အဆင့်ဆင့် ကြန့်ကြာတာကို တွက်မယ်ဆိုရင်လည်းပဲ ဒီအားလုံး ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထိအောင် ၂၀၁၂ ခုနှစ်မှာ ပြီးပြတ်တဲ့ အတွက် (၂)နှစ်ကျော်လွန်ခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။

တရားရုံးများအနေနဲ့ အမှုအားလုံးကို ကြန့်ကြာမှုမရှိစေဘဲ မှန်မှန်ကန်ကန်နဲ့ အချိန်နဲ့ တစ်ပြေးညီ ပြီးပြတ်နိုင်ရေးအတွက် စစ်ဆေးစီရင်လျက် ရှိပါကြောင်းနဲ့ အထက်တရားရုံးများကလည်း မျက်ခြေမပြတ် ကြီးကြပ်ကွပ်ကဲလျက် ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးတင်မောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်ကို တရားလွှတ်တော်ချုပ်ကို ဆက်လက်ပြီးတော့ မေးမြန်းခွင့်ပြုပါ။ အခုကျွန်တော် ရှင်းပြသွားတဲ့ဟာတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ရှင်းသင့်သလောက်တော့ ရှင်းပါတယ်။ ဒါပေမဲ့ မရှင်းတဲ့ ဟာလေးတွေကို ကျွန်တော် ထပ်ပြီးတော့ မေးခွင့်ပြုပါလို့ ကျွန်တော့်အနေနဲ့ ပန်ကြားပါတယ်။ ကျွန်တော် ဒီငွေစုလုပ်ငန်းဟာ တရားမဝင်လုပ်ငန်းလို့ ကျွန်တော်တို့ သိရပါတယ်။ ဒီတရားမဝင်တဲ့ လုပ်ငန်းကို တရားရုံးကနေပြီးတော့ တရားစွဲဆိုခွင့် ပြုပေးထားတာ အဲဒါကို ပြန်လည်ပြီးတော့ ဖြေကြားပေးစေလို ပါတယ်။

နောက်တစ်ခုက ကျွန်တော်တင်ပြလိုတာက ဒီငွေရေးကြေးရေးဆိုင်ရာကိစ္စတွေဟာ ကျွန်တော်တို့ မြို့နယ်မှာ ၂၀၁၀ ခုနှစ်မှာစပြီးတော့ ဖြစ်လာတဲ့ကိစ္စတွေပါ။ ၂၀၁၀ မတိုင်ခင်က ကျွန်တော်တို့မြို့နယ်က အမှုအနည်းဆုံးမြို့နယ်ပါ။ တနင်္သာရီတိုင်း (၁၀)မြို့နယ်မှာ။ ၂၀၁၀ နောက်ပိုင်း မှာမှ အများဆုံးမြို့နယ် ဖြစ်သွားတာကို တွေ့ရတယ်။ ဒါဘာလဲဆိုရင် ဒီငွေစုလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ ဖြစ်လာတဲ့လုပ်ငန်း တွေပါ။ ဒီလုပ်ငန်းတွေဟာ ဖြစ်ပြီးတော့ ခုနက ပြဿနာဖြစ်လာ ရတာကလည်း ငွေစု လုပ်ငန်းအပေါ်မှာ မူတည်ပြီးတော့ ချေးသူနဲ့ ဒိုင်တို့အကြားမှာ ဖြစ်ပွားတဲ့ကိစ္စ။ ဒိုင်လုပ်တဲ့သူကနေပြီးတော့ မတရားလုပ် လာလို့ ချေးတဲ့သူတွေက မကျေနပ်လို့ ဖြစ်လာရတဲ့ကိစ္စတွေ ဖြစ်ကြပါတယ်။ ဒီကိစ္စတွေ ဖြစ်တဲ့အတွက် ကြောင့် ကျွန်တော်တို့ ပထမပိုင်းမှာ မကျေနပ်ကြလို့ ပြည်ထောင်စုတရားလွှတ်တော်ကို အသနားခံ တင်ပြ ထားခဲ့တာ ရှိပါတယ်။ အဲဒီ တင်ပြထားတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း တရားရုံးတွေနဲ့ ပြစ်မှုတွေကို ဆက်လက်ထောင်ချခြင်း မပြုခဲ့တာတွေလည်း တွေ့ရပါတယ်။ ဒါပေမဲ့ အဲဒီအချိန်ကတည်းက အခုဆိုရင် (၄)နှစ်ပေါ့နော်၊ ဒီ(၂)နှစ်လောက် အချိန်ကတည်းကနေပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်အနေနဲ့ ဒီကိစ္စတွေကို ကျွန်တော်တို့ မြို့နယ်အတွင်းမှာ ညွှန်ကြားချက်တွေ ပေးပြီးတော့ လုပ်ဆောင်နေတယ် ဆိုတာကို သိရပါ တယ်။

ဒါပေမဲ့ ဒီကနေ့အထိ တရားလွှတ်တော်အနေနဲ့ ဝင်ရောက်ပြီးတော့ လုပ်ဆောင်နေတဲ့ ကြားထဲ ကနေပြီးတော့ ဒီကနေ့အထိ အမှုတွေက လျော့မသွားဘဲနဲ့ အမှုလက်ကျန်တွေက များများ များလာတဲ့ အနေအထားကို ကျွန်တော် စဉ်းစားမရနိုင် ဖြစ်နေပါတယ်။ ဒါဟာ ဘယ်သူ့ဆီမှာ တာဝန်ရှိနေသလဲ။ ဒါကို ကျွန်တော်တို့ ပြန်ပြီးတော့ သုံးသပ်ဖို့လိုနေပြီလို့ ကျွန်တော်ထင်မြင်ပါတယ်။ အခုတရားလွှတ်တော်အနေနဲ့ ဒီမှာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အား မြို့နယ်တရားရုံးများကို ကြီးကြပ်ရန် တာဝန်ပေးထားပြီးလို့ အဲဒါတွေလည်း ကျွန်တော်တို့ လုပ်ထားပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ တာဝန်ပေးထား ရက်သားနဲ့ အမှုများလာခြင်းကို ကျွန်တော့်အနေနဲ့ နားမလည်နိုင် ဖြစ်ပါတယ်။ ဒီဟာအတွက် ခုနက သက်ဆိုင်ရာ တရားလွှတ်တော်ချုပ်အနေနဲ့ ဘာကြောင့် ဒီလိုဖြစ်နေရတယ်ဆိုတာရယ်၊ နောက်ပြီးတော့

ဒါလေးတွေကို အမြန်ဆုံးပြီးပြတ်အောင် ဘယ်လိုဆောင်ရွက်ပေးမယ် ဆိုတာလေးကို ကျွန်တော်ကို ပြန်ပြီးတော့ ဖြေကြားပေးစေလိုပါတယ်။

**ဦးစိုးညွန့် (တရားသူကြီး၊ တရားလွှတ်တော်တရားသူကြီးချုပ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဆက်စပ်မေးခွန်းနဲ့ ပတ်သက်ပြီး ဖြေကြားရမယ်ဆိုရင် ဒီငွေစုလုပ်ငန်းအမှုမျိုးဟာ လောင်းလုံမြို့နယ် တစ်မြို့ထဲမှာပဲ ဖြစ်ပွားတဲ့ အမှုမဟုတ်ပါဘူး ခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ ဖြစ်ပွားနေတဲ့ အမှုများ ဖြစ်ပါတယ်။ အဲဒီလိုဖြစ်ပွားတဲ့ အခါကျတော့ ငွေစုလုပ်ငန်းရဲ့ သဘောသဘာဝကို ကျွန်တော် ပထမရှင်းလင်းတင်ပြခဲ့တဲ့အတိုင်းပဲ ငွေစုလုပ်ငန်းရဲ့ သဘောသဘာဝကတော့ ခုနက အချင်းချင်း သဘောတူစုပေါင်းပြီးတော့ အရင်းအနှီး နည်းတဲ့သူတွေက အရင်းအနှီးရအောင်၊ မိမိတို့ သုံးချင်တဲ့ နေရာမှာ သုံးစွဲနိုင်အောင် ကျွန်တော်တို့ အရင်းအနှီး ပြုလုပ်နိုင်တဲ့နေရာမှာ အရင်းအနှီးပြုလုပ်နိုင်အောင် စုပေါင်းပြီးတော့ ငွေစုကြခြင်းပဲ ဖြစ်ပါတယ်။ ဒီလိုစုပေါင်းလုပ်တဲ့အခါမှာ သူတို့ သဘောတူ စည်းကမ်းချက်တွေ သတ်မှတ်ထားပါတယ်။

အဲဒီတော့ ဘယ်လိုစည်းကမ်းချက်တွေနဲ့ လုပ်မယ်။ ငွေဘယ်လောက်အချိုးကျစုမယ်။ ဘယ်လိုနည်းနဲ့ ငွေပြန်ထုတ်ပေးမယ် စသည်ဖြင့် ဒါတွေဟာ ကျွန်တော်တို့ ပဋိညာဉ်လုပ်တာ ဖြစ်ပါတယ်။ မိမိတို့သဘောတူတဲ့ (၄)၊ (၅)ယောက် လုပ်ဆောင်တဲ့ သူတွေ (၄)၊ (၅)ယောက် စုပေါင်းပြီးတော့ သဘောတူထားတဲ့ ပဋိညာဉ်လုပ်တာ ဖြစ်တဲ့အတွက် ဒီပဋိညာဉ်အတိုင်း မဆောင်ရွက်ဘူးဆိုရင် ဒီပဋိညာဉ် ဖောက်ဖျက်မှု အရ၊ တရားမကြောင်းအရ တရားရုံးမှာ တရားစွဲဆိုခွင့် ရှိတာ ဖြစ်ပါတယ်။ ဒါမှလည်း ခုနက ကျွန်တော် တင်ပြခဲ့သလို ငွေစုထားတဲ့ ဒိုင်လုပ်တဲ့သူတွေဆီမှာ ငွေတွေစုတယ်။ စုပြီးတော့ ဒိုင်က ပြန်မပေးဘူးဆိုရင် သူဟာ ဒီရထားတဲ့ မိမိရယူထားတဲ့ငွေကို ပြန်မပေးဘူးဆိုရင် အကျိုးအမြတ် မတရားရယူထားတာ ဖြစ်တဲ့အတွက် ဒါတွေကို ပြန်ရယူထားတဲ့ ငွေတွေကိုတော့ သူဟာ ပြန်ပေးဖို့တာဝန် ရှိပါတယ်။ ဒါမှလည်း ကျွန်တော်တို့ တရားမျှတမှုရှိမှာ ဖြစ်တဲ့အတွက် တရားမကြောင်းအရတော့ ဒီလိုအမှုမျိုးကို စွဲဆိုခွင့်ရှိကြောင်းကို ကျွန်တော်တို့ ရှင်းလင်း ဖြေကြားခြင်း ဖြစ်ပါတယ်။

ပြစ်မှုကြောင်းအနေနဲ့ ဆိုရင်လည်း ခုနက ကျွန်တော်တို့ မေးခွန်းထဲမှာ ပါပါတယ်။ ပြစ်မှု ဒိုင်လုပ်တဲ့သူက မက်လုံးပေးပြီးတော့ သူဘယ်လောက် ဘယ်နှစ်ရာခိုင်နှုန်းပေးမယ်၊ ဘယ်လောက် ပေးမယ် စသည်ဖြင့် မက်လုံးပေးမယ်လုပ်ပြီးတော့ ဆွယ်ပြီးတော့ ဒါ ငွေစုအောင် ကျွန်တော်တို့ ဖြားယောင်း တဲ့ သဘောမျိုး သက်ရောက်မယ်ဆိုရင် အဲဒီလို ငွေတွေစုထားပြီး စုဆောင်းထားတဲ့ငွေကို ပြန်မပေးဘူးဆိုရင်တော့ ဒါဟာကျွန်တော်တို့ ၄၀၆ အရ ယုံကြည်အပ်နှံထားတဲ့ငွေကို ပြန်မပေးတဲ့ အတွက်၊ ဖောက်ဖျက်တဲ့အတွက် ပြစ်မှုကြောင်း ကျူးလွန်ရာ ရောက်နိုင်ပါတယ်။ ခုနက ပြောသလို ဒီလိုဖြားယောင်းတဲ့ ကိစ္စမှာလည်း မတရားရယူရန် အကြံနဲ့ ဖြားယောင်းတဲ့အတွက် ၄၂၀ အရလည်း မြောက်နိုင်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပြစ်မှု သူ့ရဲ့အကြောင်းချင်းရာ အချက်အလက်အပေါ်မှာ မူတည်ပြီးတော့ ၄၀၆ တို့၊ ၄၂၀ တို့ မြောက်နိုင်တဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြစ်မှုကြောင်းအရလည်း ကျွန်တော်တို့ သက်သေခံချက် အထောက်အထားများအရ ပေါ်ပေါက်မယ် ဆိုရင်တော့ ဒီငွေကို ယူထားတဲ့၊ မတရားယူထားတဲ့ ဒိုင်လုပ်တဲ့သူအနေနဲ့ ပြစ်မှုကြောင်းအရ ငြိစွန်းမှာပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဒီမှာအလျဉ်းသင့်လို့ တင်ပြရမယ်ဆိုရင် အခု ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးများ မေးမြန်းတဲ့ မေးခွန်းမှာကိုပဲ ပထမမေးတဲ့မေးခွန်းများကတော့ ငွေစုဒိုင်ကို အရေးယူခံရတဲ့အတွက် ဒါဥပဒေနဲ့ ညီ/မညီ မေးမြန်းခြင်းဖြစ်ပြီးတော့ ဒုတိယ ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ မေးခွန်းကတော့ ထိုးသားများဖက်က မေးမြန်းခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဒါကြောင့် ဒီ(၂)ခု ဒီမှာတင် ကျွန်တော်တို့က အမှုအနေအထားအရ ဆိုလို့ရှိရင်တော့ ပေါ်ပေါက်တဲ့အမှုအပေါ်မှာ မူတည်ပြီး တော့ပဲ ကျွန်တော်တို့ တရားရုံးများက ဆုံးဖြတ်ရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အမှုများတာနဲ့ ပတ်သက်လို့ကတော့ တိုင်တဲ့သူများတဲ့အတွက် အမှုများလာခြင်းဖြစ်ပါကြောင်း၊ တရားရုံးက ဒီအမှုအနည်းအများကို လုပ်ဆောင်ခြင်းမဟုတ်ဘဲနဲ့ ခုနကအမှု ငွေစုဒိုင်တွေ လုပ်တာတွေ များလာမယ်။ အဲဒီမှာ ဖောက်ဖျက်တာတွေ များလာတဲ့အတွက်၊ အမှုများလာတဲ့အတွက် အမှုများ များခြင်းသာ ဖြစ်ပါကြောင်း၊ ဒါကြောင့် များလာတဲ့အမှုများအပေါ်မှာလည်း တရားရုံးများက ဥပဒေနဲ့အညီ ညီညွတ်စွာ စစ်ဆေးစီရင်လျက် ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီတရားမဝင် ငွေချေးတဲ့ကိစ္စဆန်ဆန် လုပ်တဲ့ကိစ္စတွေက တရားသူကြီးချုပ်ပြောသလို တစ်နိုင်ငံလုံး ဖြစ်နေတာ အရင်လည်း လွှတ်တော်မှာ ပြောခဲ့ဖူးပါတယ်။ ဒေါ်မစန်း အမှုတို့ဘာတို့ဆိုရင် အကြီးအကျယ်လည်း ဆွေးနွေးခဲ့တာ ရှိပါတယ်။ တစ်ဦးနဲ့တစ်ဦး တစ်ယောက်နဲ့တစ်ယောက် ပဋိညာဉ်အရ ငွေချေးတယ်။ ပြန်မရဘူး။ ဒါကတော့ ပြဿနာမရှိပါဘူး။ (၄)၊ (၅)၊ (၆) ယောက်နဲ့ ဒိုင်လုပ်တယ်ဆိုတဲ့အခါကျတော့ ဒါဟာ အသင်းအဖွဲ့တစ်ခုလို၊ အစုအဖွဲ့တစ်ခုလို ဖြစ်တဲ့အတွက် ဒီလုပ်ငန်းက တရားဝင်လို့ ပြောလို့တော့ မရဘူးပေါ့။ အဲဒီတော့ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာမှာ ကျွန်တော် ထိုင်းရောက်တော့ တရားသူကြီးချုပ်၊ ထိုင်းတရားသူကြီးချုပ်နဲ့ တွေ့တယ်။ ဒီကိစ္စ မေးချင်လို့သွားတာပဲ။ ထိုင်းမှာ ဒီအလားတူကိစ္စတွေရှိသလား ဆိုတော့ ရှိပါတယ်တဲ့။ ရှိလို့ရှိရင် ဘယ်လို ကိုင်တွယ်သလဲ။ ဒါတွေ ပပျောက်အောင် ကိုင်တွယ်သလား ဆိုတော့ ကိုင်တွယ်တယ်။ ကိုင်တွယ်တာကတော့ တရားမဝင် ဒီငွေရေးကြေးရေးလုပ်ငန်း လုပ်တယ်ဆိုလို့ရှိရင်လည်း အဲဒီ ဒိုင်လုပ်တဲ့သူ အရှုံးပဲတဲ့။ ဒီလိုပဲ ကျွန်တော်တို့ ဆုံးဖြတ်တယ် ဆိုပြီးတော့ သူတို့ အပြတ်ပြောတယ်။ မြန်မာနိုင်ငံမှာလည်း ဒီကိစ္စနဲ့ပတ်သက်လို့ ဆင်းရဲတဲ့အခါကျတော့ အကြွေးတင်။ အကြွေးတင်တဲ့အခါ နောက်ဆုံး အိမ် အသိမ်းခံရ၊ နွားအသိမ်းခံရ။ အဲဒီတော့ ဒီကိစ္စတွေက ဟို တစ်ချိန်တုန်းကလိုပေါ့နော်။ ကောက်ဆွနဲ့ ဆန်ကောတောင်မှ ပြောနိုင်လို့ ကျန်တယ်ဆိုတဲ့ အဖြစ်မျိုးတွေ ရောက်တာလည်း အများကြီးရှိတယ်။ ဒါမျိုးနဲ့ပတ်သက်လို့ ရှိရင် ပြန်ပြီးတော့ သုံးသပ်ဖို့တော့ လိုမှာပေါ့ တရားစီရင်ရေးအပိုင်းကို။ တရားဝင် မဟုတ်ရင်လည်း တရားမဝင်တဲ့လုပ်ငန်းဆိုတာ တိတိကျကျဖြစ်ရမှာပဲပေါ့။ တရားမဝင်လုပ်တယ် ဆိုလို့ ရှိရင်တော့လည်း တရားမဝင်လုပ်တဲ့လူ ပပျောက်အောင်လို့ ဘယ်လိုနည်းလမ်းနဲ့ Briefing လုပ်မလဲ ဆိုတဲ့သဘောထားဖို့လိုပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မြောက်ဦးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း(မင်းသားကျွန်း)၏ လိုအပ်နေသော ကျောင်းဆောင်သစ်နှင့် ခန်းမကြီးတို့ကို ပြီးစီးသည်အထိ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော် က မြောက်ဦးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း(မင်းသားကျွန်း)ရဲ့ လိုအပ်နေတဲ့ ကျောင်းဆောင်သစ်နှင့် ခန်းမကြီးတို့ကို ပြီးစီးသည်အထိ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ ကျွန်တော် မေးထားတဲ့ မေးခွန်းကတော့ မြောက်ဦးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း (မင်းသားကျွန်း)၏ လိုအပ်နေသော ကျောင်းဆောင်သစ်နှင့် ခန်းမကြီးတို့ကို ပြီးစီးသည်အထိ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ ဒီမေးခွန်းကို ကျွန်တော် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းအဖြစ်နဲ့ မေးမြန်းခဲ့ပါတယ်။ ပညာရေးဝန်ကြီးက တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် တစ်ပြေးညီ စီစဉ်ဆောင်ရွက်သွားမယ်လို့ စာနဲ့ဖြေကြားခဲ့ပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပြီးဆုံးလို့ မြောက်ဦးမြို့သို့ ကျွန်တော် ပြန်ရောက်တဲ့အခါ အ.ထ.က(၁)ရဲ့ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်နေတာ တစ်ဝက်နီးပါး ပြီးစီးနေတာ တွေ့ရပါတယ်။ ကျွန်တော် လွှတ်တော်သို့ မေးခွန်း မေးမြန်းခဲ့တဲ့အချိန်မှာ ဆောက်လုပ်ခြင်း ဖြစ်ပါတယ်။ ဆောက်လုပ်ချိန် (၈)လခန့်သာ ကြာခဲ့ပါတယ်။ တစ်ဆောင်လုံး အချောသပ်ပြီးစီးကာ ခိုင်ခန့်ကောင်းမွန် သပ်ရပ်လှပပြီး စံမီအဆောက်အဦတစ်ခု အဖြစ် တွေ့ရှိရပါတယ်။ အားလုံးဝမ်းသာကြပါတယ်။ ကျန်အဆောင်ကိုလည်း ဆက်လက်ပြီးတော့ ဆောက်လုပ်သွားမယ်လို့ ယုံကြည်ချက်အပြည့်နဲ့ စောင့်နေခဲ့သော်လည်း ဒီကနေ့ထက်ထိ ဆောက်လုပ် မှုမရှိသေးပါဘူး။

ကျောင်းဆောင်(၁)နဲ့ သိပ္ပံဆောင်ကို ၁၉၉၇ ခုနှစ်မှာလည်းကောင်း၊ ကျောင်းဆောင် (၂)ကို ၂၀၀၃ ခုနှစ်တွင်လည်းကောင်း၊ ကျောင်းဆောင်(၃)ကို ၂၀၁၁ ခုနှစ်တွင်လည်းကောင်း အသီးသီး ဆောက်လုပ်ခဲ့ပါတယ်။ စတင်ဆောက်လုပ်ခဲ့တဲ့ ၁၉၉၇ ခုနှစ်မှ ဒီကနေ့အထိ ရေတွက်လို့ရှိရင် (၁၇)နှစ်တောင် ရှိသွားပြီဖြစ်ပါတယ်။ ကျန်နေသေးတဲ့ အဆောင်(၄)နဲ့ ခန်းမကြီးကို မဆောက်လုပ်ရသေးပါဘူး။ ကျောင်းဆောင်ဟောင်း (နန်းရာကုန်း) နဲ့ ကျောင်းဆောင်သစ် (မင်းသားကျွန်း) ကျောင်းတို့ဟာ တစ်ကျောင်းနဲ့တစ်ကျောင်း တစ်ကျောင်းတည်း ဖြစ်သော်လည်း (၁)မိုင်ကျော် ကွာဝေးပါတယ်။ ကျောင်းဆောင်ဟောင်းမှာ မဒ္ဓမတန်းမှ သတ္တမတန်းအထိ ရှိပြီး ကျောင်းဆောင်သစ်မှာ ကျတော့ကာ

အဋ္ဌမတန်းမှ ဒသမတန်းအထိရှိပါတယ်။ ကျောင်းအုပ်ကြီးအနေနဲ့ (၁)မိုင်ကျော် ကွာဝေးတဲ့ ကျောင်း (၂)ကျောင်းကို သွားပြီးတော့မှ အုပ်ချုပ်ရတာ အဆင်ပြေနိုင်မှာ မဟုတ်ပါဘူး။ ရေရှည်အတွက်လည်း မသင့်လျော်လို့ ဆိုရပါမယ်။

သို့ဖြစ်ပါ၍ မြောက်ဦးမြို့အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း (မင်းသားကျွန်း)နှင့် ဆောက်လုပ်ရန် ကျန်နေသေးတဲ့ ကျောင်းဆောင်(၄)နဲ့ ခန်းမကြီးအဆောင်တို့အား ဆက်လက်ပြီး ဆောက်လုပ်ပေးပါရန် အစီအစဉ် ရှိ/မရှိ နှင့် တကယ်လို့ အစီအစဉ်ရှိခဲ့လျှင် မည်သည့်ခုနှစ်တွင် အပြီးသတ် ဆောက်လုပ်ပေးမည်ကို သိရှိလိုပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သနပ်ပင်မြို့နယ်၊ ကျုံပါချောင်းဝကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် လိုအပ်လျက်ရှိသည့် ပေ (၁၂၀ x ၃၀) ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖိုးဇော် က သနပ်ပင်မြို့နယ်၊ ကျုံပါချောင်းဝကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် လိုအပ်လျက်ရှိသည့် ပေ (၁၂၀ x ၃၀) ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)** ။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး ရိုသေလေးစားအပ်ပါကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖိုးဇော် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးရမယ့်မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၊ ကျုံပါချောင်းဝကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အား လိုအပ်လျက်ရှိသည့် ပေ (၁၂၀ x ၃၀) ကျောင်းဆောင်သစ်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျုံပါချောင်းဝကျေးရွာဟာ သနပ်ပင်မြို့နယ်၊ ဝေါမြို့နယ်၊ မွန်ပြည်နယ် နယ်နိမိတ်(၃)ခု ဆက်စပ်တဲ့နေရာမှာ တည်ဆောက် ထားတာ ဖြစ်ပါတယ်။ ကျေးရွာခွဲတစ်ခုရှိပြီးတော့ အထက်ကျုံပါကျေးရွာ၊ ကျုံပါချောင်းဝကျေးရွာ၊ ကျုံပါလေးကျေးရွာ (၃)ရွာပေါင်း၍ ကျေးရွာတစ်အုပ်စု ဖြစ်ပါတယ်။ အထက်ကျုံပါကျေးရွာမှာ မူလတန်းလွန်ကျောင်း တစ်ကျောင်းရှိပြီးတော့ ကျုံပါလေးကျေးရွာမှာ မူလတန်းလွန်ကျောင်း တစ်ကျောင်း ရှိပါတယ်။ ကျွန်တော်တို့ ကျုံပါချောင်းဝကျေးရွာဟာ လူဦးရေအားဖြင့် (၃၄၈၇)ဦး ရှိပြီးတော့ အိမ်ခြေအားဖြင့် (၈၀၀)ကျော်ရှိပါတယ်။ ကျောင်းသား(၃၉၀)ကျော် ရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျုံပါချောင်းဝကျေးရွာဟာ မူလကျောင်းဆောင်နှစ်ခုဟာ အဟောင်းများ ဖြစ်ပါတယ်။ ၁၉၉၄ ခုနှစ်မှာ လက်ရှိယခင် တည်ဆောက်ခဲ့တဲ့ အခြေခံပညာမူလတန်းကျောင်းဟောင်းကို ပြန်လည်တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ကိုယ်ထူကိုယ်ထနဲ့ ဖြစ်ပါတယ်။ ၁၉၉၆ ခုနှစ်မှာ အလယ်တန်းကျောင်း(ခွဲ) ရရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဒါ ပေ(၃၀ x ၁၂၀)ကလည်းပဲ လက်ရှိကျွန်တော်တို့ အဟောင်းများနဲ့ကိုယ်ထူကိုယ်ထ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ကျွန်တော်တို့ ဒါ လွှတ်တော်တွေမှာ တင်ပြပြီးတော့မှ နိုင်ငံတော်အစိုးရကနေပြီးမှ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ပေးလိုက်ပြီးတော့မှ စတင်သင်ကြားနေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ သင်ကြားနေတဲ့၊ လိုအပ်လျက်ရှိတဲ့ စာသင်ကျောင်းဆောင်ကို ကိုယ်ထူကိုယ်ထအနေနဲ့ ပြီးခဲ့တဲ့ ကျွန်တော်တို့ ၁၀-၁၀-၂၀၁၄ ခုနှစ်မှာ ဒါ ကျောင်းဆောင်သစ်တစ်ခု ပေ(၃၀ x ၇၀) ဖွင့်လှစ်ပြီးတော့မှ ကျွန်တော်တို့ ဒါ ဖွင့်လှစ်သင်ကြားနေပြီ ဖြစ်ပါတယ်။ သို့သော်ငြားလည်း ကျွန်တော်တို့ လာမယ့်ပညာသင်နှစ်၂၀၁၅-၂၀၁၆ခုနှစ်မှာ မိမိနေရပ်မှာ ရှိတဲ့ ကျောင်းသူ/ကျောင်းသားများ၊ ပတ်ဝန်းကျင်မှာရှိတဲ့ ကျောင်းသူ/ကျောင်းသားများ ပြန်လည်ရောက်ရှိလာတဲ့အခါမှာ ကျောင်းသားတွေ ဝင်ရောက်လာတဲ့အနေအထားနဲ့ လိုအပ်ချက်က လိုအပ်လာမှာ ဖြစ်ပါတယ်။ သို့သော်ငြားလည်း ယခင်မူလကျွန်တော်တို့ ကျောင်းဆောင် အဟောင်းနှစ်ခုဟာ ကာလအားဖြင့် ကြာမြင့်လာပြီ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အန္တရာယ်ရှိတဲ့ အနေအထား ရှိလာတာဖြစ်ပါတယ်။

ဒါကြောင့်မို့ကျွန်တော်တို့ ကျေးရွာပြည်သူလူထုကလည်း ကျောင်းဆောင်သစ်တစ်ဆောင် နိုင်ငံတော်အနေနဲ့ တည်ဆောက်ပေးပါရန် အကူအညီတောင်းခံလာတာဖြစ်ပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၊ ကျုံပါချောင်းဝကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား လိုအပ်လျက်ရှိသည့် ပေ (၁၂၀ x ၃၀) စာသင်ဆောင် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ ပတ်သက်၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဘူးသီးတောင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အတွက် RC နှစ်ထပ် ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်း က ဘူးသီးတောင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အတွက် RC နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၄။**

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးထွန်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့

အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အတွက် RC နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းလိုခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု မေးမြန်းမယ့် မေးခွန်းဟာ ၂၀၁၄-၂၀၁၅ ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းလိုသောမေးခွန်း ဖြစ်ပါတယ်။ ဒီနေ့အချိန်မှာ အနည်းငယ် နောက်ကျသွားသော်လည်း နိုင်ငံတော်မှ မည်ကဲ့သို့ အစီအစဉ်ရှိသလဲ ဆိုတာကို သိရှိလို၍ ဆက်လက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဘူးသီးတောင်မြို့ အမှတ်(၅)ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် အခြေခံပညာအထက်တန်း ကျောင်းခွဲသို့ တိုးမြှင့်သတ်မှတ်ခဲ့ပါတယ်။ တင်ပြပါအမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)သည် လူနေ စည်ကားသောနေရာတွင် တည်ရှိပြီး ကျောင်းသားမိဘများကလည်း ကျောင်းအတွက် လိုအပ်ချက်ကို အစဉ်အမြဲပံ့ပိုးပေးနေသော ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ အထက်တန်းကျောင်း(ခွဲ)မှာ ယခင်က အလယ်တန်းကျောင်းအဖြစ် ရှိခဲ့စဉ်ကာလကပင် ကျောင်းဆောင်(၃)ဆောင် ရှိခဲ့ပါတယ်။ ဒီနေရာမှာ အနည်းငယ်ဖြည့်စွက်ပြီးတော့ ကျွန်တော် တင်ပြအစီရင်ခံချင်ပါတယ်။ ၎င်းကျောင်းဆောင် (၃)ဆောင် အနက် အဆောင်တစ်ဆောင်မှာ အလယ်တန်းကျောင်းအဆင့် ဖြစ်ခါစကတည်းက ဆောက်လုပ်တဲ့ အဆောင် ဖြစ်တဲ့အတွက် ဟောင်းနွမ်းပြီး အန္တရာယ်ရှိနေတဲ့ အခြေအနေတွေ ရှိနေပါတယ်။ ယနေ့ဆိုလျှင် အထက်တန်းကျောင်း(ခွဲ) ဖြစ်လာသည်နှင့်အမျှ နဝမတန်း၊ ဒသမတန်း ကျောင်းသားများနှင့် အလယ်တန်း အဆင့်တွင် ဝင်ရောက်ပညာသင်ကြားသူများ တိုးတက်များပြားလာ၍ ကျောင်းသားများ အရေအတွက် ပိုမိုများပြားလာပါတယ်။ ထိုသို့ ကျောင်းသား အရေအတွက် များပြားလာသည်နှင့်အမျှ သူငယ်တန်း ကျောင်းသားကလေးများမှာတောင် ပြတင်းပေါက်မရှိတဲ့ ကျောင်းရဲ့ စတိုခန်းထဲမှာ ခွေးတလုံးလုံးနဲ့ ပညာသင်ကြားနေခဲ့ရတာ တွေ့ရှိရပါတယ်။ ထို့အပြင် အလယ်တန်း၊ အထက်တန်း ကျောင်းသားများ မှာလည်း စာသင်ခန်းနှင့်မျှတမှုမရှိဘဲ ပညာသင်ကြား နေရပါတယ်။ ကျောင်းတွင် ဆရာများ နားနေခန်း၊ စတိုခန်း၊ သိပ္ပံခန်း၊ စာကြည့်တိုက်ခန်း၊ ကျောင်းစာသင်ခန်းများ အထူးလိုအပ်လျက်ရှိပါတယ်။

ရခိုင်ပြည်နယ်သို့ သမ္မတရုံးမှ ပြည်ထောင်စုဝန်ကြီးတစ်ပါး ရောက်ရှိစဉ်က သက်ဆိုင်ရာ ညွှန်ကြားရေးမှူးတစ်ဦးကို လွှဲလာစေပြီး လိုအပ်ချက်အရ RC နှစ်ထပ်ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန်အတွက် သက်ဆိုင်ရာမှတစ်ဆင့် တွက်ချက်မှုနှင့်တကွ လျှောက်ထားရန် မိန့်ကြားချက် အရ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဆရာကြီး၏ မေတ္တာရပ်ခံချက်အရ ဆလရ မှ မြို့နယ်အင်ဂျင်နီယာနှင့် ဩဘာဟိန်းကုမ္ပဏီမှ အင်ဂျင်နီယာများ စေတနာရှိရှိဖြင့် ပူးပေါင်းကာ ကျောင်း ပုံစံနှင့် တွက်ချက်မှုကို အလျင်အမြန်ရေးဆွဲပြီး ကျောင်းအုပ်ဆရာကြီးမှ ရခိုင်ပြည်နယ် ပညာရေး ညွှန်ကြားရေးမှူးမှတစ်ဆင့် လုပ်ထုံးလုပ်နည်းနဲ့အညီ တင်ပြခဲ့ပါတယ်။ တွက်ချက်မှုကိုလည်း မေးခွန်းနဲ့ အတူ တင်ပြထားရှိပါတယ်။

သို့ဖြစ်ပါ၍ ထို့ကြောင့်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွက် တင်ပြပါ RC နှစ်ထပ်ကျောင်းဆောင်သစ်ကို ၂၀၁၄-၂၀၁၅ ဖြည့်စွက်ရန်ပုံငွေ (RE) ဖြင့်ဆောက်လုပ်ပေးရန် မပါရှိသော်လည်း RE နောက်ဆက်တွဲတွင် အစီအစဉ်ရှိနိုင်ပါသလား သို့မဟုတ် မည်သည့် ဘဏ္ဍာရေးနှစ်

တွင် ဆောက်လုပ်ပေးမည် သိရှိလို၍ ဥက္ကဋ္ဌကြီးမှ တစ်ဆင့်လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၉။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးသန့်ရှင်း က လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးမြန်းထားတဲ့ မေးခွန်းများကို ပညာရေးဝန်ကြီးဌာနကိုယ်စား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးနဲ့ ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ အလေးအနက်ထားပြီး ကူညီပံ့ပိုးပေးနေအတွက်လည်း အများကြီးဝမ်းသာပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ မေးခွန်းတွေကို ဖြေကြားပြီးလို့ရှိရင်လည်း ကျွန်တော် ဆက်လက်ပြီးတော့ ပညာရေးဝန်ကြီးဌာန ရဲ့ လုပ်နေတဲ့ အခြေအနေလေးကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် ရဲ့ မေးခွန်းကို ပထမဆုံး ကျွန်တော်တင်ပြသွားမှာ ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာန အနေဖြင့် ကျောင်းဆောင်များ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ် ဆောက်လုပ်ခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများ၊ ကျောင်းဆောက် လုပ်ပြီးစီးသည့် သက်တမ်းကြာမြင့်ပြီး အန္တရာယ်ရှိမှု အခြေအနေ၊ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မြို့နယ် ဦးစားပေးအစီအစဉ်၊ ကျောင်းအလိုက် တန်းစီဇယားတွင် ထည့်သွင်းလျာထားခြင်းအားဖြင့် ကျောင်းဆောင် အလိုက် ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြို့နယ် ဦးစားပေး အစီအစဉ်အလိုက်၊ ကျောင်းအလိုက် တန်းစီဇယားအရမြောက်ဦးမြို့နယ်တွင် အန္တရာယ်ရှိ ကျောင်း(၁၄)ကျောင်း၊ ဥပဓိရုပ်မကောင်းသော ကျောင်း(၈)ကျောင်း၊ မြို့နယ်မှ တင်ပြလာသော ကျောင်းများ၊ လွှတ်တော်ကိုယ်စားလှယ်များမှ တင်ပြခဲ့သည့်ကျောင်းများနှင့် ဌာနဆိုင်ရာ ကွင်းဆင်း စစ်ဆေးချက်အရ ကျောင်းဆောင်သစ် ဆောက်လုပ်ရန်လိုအပ်သည့် ကျောင်း(၄)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း(၂၆)ကျောင်းအတွက် ငွေကျပ်(၉၆၆)သန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ ခေါင်းစဉ်အောက်မှ လျာထားတင်ပြပြီးဖြစ်ပါသဖြင့် ယခုကိုယ်စားလှယ်ကြီး တင်ပြသော မြောက်ဦးမြို့နယ် မင်းသားကျွန်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းဆောင် (၄)ဆောင်နှင့် ခန်းမကြီး (Hall) အဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် မရှိပါကြောင်း ပထမဦးစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယအနေနဲ့ ပဲခူးတိုင်းဒေသကြီးအမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖိုးဇော် ရဲ့ မေးခွန်းနဲ့ပတ်သက်၍ ကျွန်တော်တို့ ဆက်လက်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ သနပ်ပင်မြို့နယ်မှာ အန္တရာယ်ရှိ ကျောင်း(၁၁)ကျောင်း၊ ကျောင်းသားဦးရေအရ တိုးချဲ့ကျောင်းဆောင်(၂)ကျောင်း၊ မြို့နယ်မှတင်ပြသော ကျောင်းများ၊ လွှတ်တော် ကိုယ်စားလှယ်များမှ တင်ပြခဲ့သည့် ကျောင်းများနှင့် ဌာနဆိုင်ရာ ကွင်းဆင်းစစ်ဆေးချက်အရ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် လိုအပ်သည့်ကျောင်း(၄)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း (၁၇)ကျောင်းအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ် အောက်မှ ငွေကျပ်(၇၆၈)သန်းကို လျာထားတင်ပြပြီးဖြစ်ပါသဖြင့် ယခု ကိုယ်စားလှယ်ကြီး တင်ပြလာသော ကျုံပါချောင်း၀ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

တတိယအနေနဲ့ ရခိုင်ပြည်နယ်အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးထွန်းရဲ့ မေးခွန်းနဲ့ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းများအရ၊ ကျွန်တော်တို့ မြို့နယ်လုပ်ထုံးလုပ်နည်းများအရ ဒီ ကိုယ်စားလှယ်ကြီး တင်ပြတဲ့ ကျောင်းကိုတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ရန်ပုံငွေမှ ကျောင်းဆောင်သစ် ဆောက်လုပ် ပေးရန် အစီအစဉ်မရှိပါကြောင်း ဆက်လက်တင်ပြအပ်ပါတယ်။ ဆက်လက်ပြီးတော့ ဘူးသီးတောင် မြို့နယ်မှာ မြို့နယ်ဦးစားပေးအစီအစဉ်၊ ကျောင်းအလိုက်တန်းစီဇယားအရ အန္တရာယ်ရှိ ကျောင်း (၉)ကျောင်း၊ ဥပမိရုပ်မကောင်းသောကျောင်း(၇)ကျောင်း၊ စုစုပေါင်းအခြေခံပညာကျောင်း (၁၆)ကျောင်း အတွက် ငွေကျပ်(၅၅၀.၈၀)သန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ် အောက်မှ လျာထားတင်ပြပြီးဖြစ်ပါသဖြင့် ယခု ကိုယ်စားလှယ်ကြီးတင်ပြသော ဘူးသီးတောင်မြို့နယ်ရှိ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်သစ် တစ်ဆောင်ဆောက်လုပ်ပေးရန် အစီအစဉ်မရှိပါကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီလွှတ်တော်မှာ လွှတ်တော်ကိုယ်စားလှယ်များ တင်ပြတဲ့ကျောင်းများကို လာဖြေတဲ့အခါမှာလည်း လုပ်ပေးပါမယ်လို့ အာမခံပြီးတော့ ဖြေကြားချင်ပါတယ်။ ဒါပေမဲ့ ဘဏ္ဍာ ရန်ပုံငွေအရ ကျွန်တော်တို့ ပေးနိုင်တဲ့အတိုင်းအတာမှာ မြို့နယ်အလိုက်၊ မြို့နယ်အလိုက်ကို ကျောင်းသား ဦးရေနဲ့ တွက်ပြီးတော့ ဘယ်လောက်ချထားပါမယ် ဆိုတာကို လျာထားပါတယ်။ ပြီးလို့ရှိရင်တော့ ကျွန်တော်တို့ကျောင်းရဲ့ ဦးစားပေး အစီအစဉ်တွေကိုတော့ တိုင်းဒေသကြီးကပဲ ဆုံးဖြတ်ပါတယ်။ အဲဒီတော့ ဒီမြို့နယ်က တင်ပြတဲ့အခါမှာလည်း ကျွန်တော်တို့မြို့နယ်က ကော်(၃)ကော်၊ တစ်ခါ တိုင်း ဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒီအပါအ၀င် သူတို့ကနေပြီးတော့ ဦးစားပေး အစီအစဉ် တင်ပြ တာလည်း ရှိပါတယ်။

ကျွန်တော့်အနေနဲ့လည်း အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ တင်ပြတဲ့ကျောင်းတွေကို နှစ်ခု၊ အောက်က တင်တာရော၊ ဒီက တင်တာရော ညီတယ်ဆိုလို့ရှိရင်တော့ ကျွန်တော်လုပ်ပေးပါမယ်ဆိုတာ ဖြေကြားသွားမှာ၊ ရသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ် ကြီးများကို ကျွန်တော် အကြံပြုတင်ပြလိုတာကတော့ ပြန်သွားတဲ့အခါမှာ ကျွန်တော်တို့ကလည်း ကိုယ်တိုင် မရောက်နိုင်ပါဘူး။ ပညာရေး၀န်ကြီးဌာနမှာလည်း ၀န်ကြီး၊ ဒု၀န်ကြီး(၃)ပါးပဲ ရှိပါတယ်။

အဲဒီတော့ ကျွန်တော်တို့က အမျိုးသားပညာရေးဥပဒေ ပြီးတဲ့နောက်မှာ အဆင့်မြင့်ပညာရေးဥပဒေ၊ အခြေခံပညာရေးဥပဒေ၊ ပုဂ္ဂလိကပိုင်ကျောင်းဥပဒေ ဒီဥပဒေတွေ ဆက်ဆွဲဖို့အတွက်လည်း ရန်ကုန်မှာ Seminar တွေနဲ့ လုပ်နေတဲ့အခါမှာ နယ်ကို မဆင်းနိုင်ပါဘူး။ ဒါကြောင့်မို့ ကိုယ်စားလှယ်ကြီး တင်ပြတဲ့ ကျောင်းတွေဟာ လိုအပ်ချက်တွေရှိနေတဲ့ ကျောင်းတွေဆိုတာလည်း သိပါတယ်။ ဒါပေမဲ့ အောက်က တင်ပြတာနဲ့ တစ်ဆက်တစ်စပ်တည်း ဖြစ်တယ်ဆိုရင်တော့ တစ်ခါတည်း ပါသွားမှာဖြစ်တယ်။ ဒါကြောင့်မို့လို့ ပြန်သွားတဲ့အခါမှာလည်း ဒီမြို့နယ်အလိုက်၊ မြို့နယ်အလိုက်မှာ အကြံပြုပေးပါ။ ဒါနဲ့တစ်ပြိုင်နက် ပါလာလို့ရှိရင်တော့ ကျွန်တော်တို့က ကျောင်းသားဦးရေက အချိုးကျလေးချပေးတဲ့ ငွေနဲ့ ဦးစားပေး (၁၅)(၂၀)အတွင်းမှာ ရောက်သွားလို့ရှိရင်တော့ အားလုံး ကျွန်တော်တို့ လုပ်ပေးပါမယ်ဆိုတဲ့အကြောင်း အာမဘန္တေခံပြီးတော့ ဒီမှာ ရဲရဲဝံ့ဝံ့နဲ့ ကျွန်တော် ပြုံးပြုံးရွှင်ရွှင်နဲ့ ဖြေကြားသွားနိုင်မှာဖြစ်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းနဲ့ ပတ်သက်လို့ ကျွန်တော်တစ်ခု တင်ပြချင်ပါတယ်။ ၁၀-၁၀-၂၀၁၄ ရက်နေ့မှာ ပေ(၃၀ x ၇၀) ကျောင်းဆောင်သစ်ဖွင့်ပွဲကို ပဲခူးတိုင်းဝန်ကြီးချုပ်ကြီး တက်ရောက်လာပါတယ်။ လူမှုရေးဝန်ကြီးလည်းပါတယ်။ ကျွန်တော်တို့ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းအဆင့် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနလည်း ပါပါတယ်။ ဝန်ကြီးချုပ်ကြီးရဲ့ လမ်းညွှန်ချက်အရ ကျွန်တော်တို့ ဒီကျောင်းဆောင် နှစ်ဆောင်ဟာ အန္တရာယ်ရှိတယ်။ ရေတွေကြီး၊ ရေဝင်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ RC နှစ်ထပ်ကျောင်းဆောင် အမြန်ဆုံးရေးဆွဲ တင်ဖို့လမ်းညွှန်ထားတာ ရှိပါတယ်။ အခုလည်း မြို့နယ်မှာ ရေးဆွဲတင်ပြပြီးတော့ ဟိုတနေ့ကဆို ပညာရေးဌာနကို ကျောင်းအုပ်ဆရာကြီးမှတစ်ဆင့် အဆင့်ဆင့် တင်ပြထားတာ ရှိပါတယ်။ ဒါလေးကို ကျွန်တော် တင်ပြတာဖြစ်ပါတယ်။

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ကျွန်တော်တို့ နှစ်(၆၀) ကနေပြီးတော့ အန္တရာယ်ရှိကျောင်းဆောင် ကျောင်းပေါင်း(၆)ထောင်ကျော်ရှိပါတယ်။ အဲဒီတော့ ဒီ(၆)ထောင်ကျော်ကိုလည်း အန္တရာယ်ရှိကျောင်းဆောင်တွေကနေပြီးတော့ ကျွန်တော်တို့ ဘယ်လို ပြန်ပြင်မလဲ။ တစ်ခါဖျက်ပြီးတော့ မပြင်နိုင်သေးရင် ဘယ်လိုပြင်ထိန်းနဲ့လုပ်မလဲ။ ဒါလည်း ကျွန်တော်တို့ စဉ်းစားပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းသားဦးရေအရ တိုးလာတဲ့ ဥစ္စာတွေလည်း ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဘယ်လိုတိုးမလဲ ဆိုတာကို ကျွန်တော်တို့ ဆက်လက် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီတော့ ကိုယ်စားလှယ်ကြီးများအနေနဲ့တော့ တစ်မြို့နယ်ချင်း တစ်မြို့နယ်ချင်းမှာတော့ ဒါဟာ အန္တရာယ်ရှိတယ်၊ ကြီးကျယ်တယ်လို့ ဖြစ်မှာပဲ။ ကျွန်တော်တို့ အပေါ်မှာကျတော့ (၆)ထောင်ကျော်ဖြစ်လာတဲ့အခါမှာ ဒီ(၆)ထောင်ကျော်ကို စစ်တဲ့အင်ဂျင်နီယာ ကလည်း တစ်ဦးတည်းက မဟုတ်ပါဘူး။ ဦးစားပေး သူရွေးလို့ မရဘူး။ မြို့နယ်မှာရှိတဲ့ အင်ဂျင်နီယာတွေကပဲ စစ်သွားတာဖြစ်ပါတယ်။ အဲဒီတော့ သူတို့ကလည်း အန္တရာယ်ရှိ၊ အန္တရာယ်ရှိ ဆိုပေမဲ့လည်း တစ်ဦးတည်း၊ တစ်ဖွဲ့တည်းက စစ်တာမဟုတ်တဲ့အတွက် ဘယ်ဟာ ဦးစားပေး (၁)၊ (၂)၊ (၃) ဆိုတာ ဟာလည်း ကျွန်တော်တို့က ဝေခွဲဆုံးဖြတ်ရခက်ပါတယ်။

ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေအနေနဲ့ ကော်(၃)ကော်နဲ့ ကျွန်တော်တို့ ဒီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပေါင်းစပ်ပြီးတော့ လုပ်ရင်ရပါတယ်။ တစ်လက်စတည်း ကျွန်တော် ဒီမှာတင်ပြလိုတာကတော့ ဒီ မြို့နယ်ကလည်း တင်ပြတယ်။ တိုင်းဒေသကြီး လွှတ်တော်

ကိုယ်စားလှယ်ကလည်း တင်ပြတယ်။ ပြည်သူ့လွှတ်တော်ကလည်း တင်ပြတယ်။ အမျိုးသားလွှတ်တော်ကလည်း တင်ပြတယ်။ ကျွန်တော်တို့ လိုက်လျော့ပြီးတော့ အကုန်လုပ်တဲ့အခါမှာ တချို့မြို့နယ်တွေဟာ ကတိကဝတ်အရ ကျောင်း(၂၀)စာကို ကျောင်း(၃၀)တို့၊ (၄၀)တို့ ဖြစ်သွားတာ ပြန်စိစစ်တွေ့ရပါတယ်။ ဒါကြောင့်မို့လို့လည်း ကျောင်းသားဦးရေကို ပြန်တွက်ပြီးတော့ ကျောင်းသားဦးရေအရ ဘယ်လောက် ရန်ပုံငွေချပေးမလဲ ဆိုတာကို ပြန်ပြီးတော့ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ တချို့ကျတော့ မတင်ပြတတ်၊ မတောင်းလို့ မရဘူး။ တချို့ကျတော့လည်း များများရနေတယ်။ ဒါတွေလည်း ကျွန်တော်တို့က တစ်ပြေးညီ ဖြစ်စေချင်ပါတယ်။ အားလုံးကတော့ ပညာရေးကို ဦးစားပေးပြီးတော့ တင်ပြတဲ့အတွက်လည်း ကျွန်တော် ကျေးဇူးတင်ကြောင်း တင်ပြလိုပါတယ်။

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တစ်ခု မေးမြန်းချင်ပါတယ်။ အခု ဒုတိယဝန်ကြီးက မိန့်ကြားသွားတဲ့နေရာမှာ မြို့နယ်ကို ရောက်တဲ့အချိန်ဟာ အဲဒီမြို့နယ်ကတစ်ဆင့် အချက်အလက်တွေနဲ့ တစ်ခါတည်း၊ တစ်ပါတည်း ယူလာရင်ပိုပြီး အဆင်ပြေတယ် ဆိုပြီးတော့ အကြံပေးတာကို ကျွန်တော်ကြားသိလိုက်ပါတယ်။ အခုကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးပြည်ထောင်စုဝန်ကြီး ရောက်တဲ့အချိန်မှာ ဇွန်လ ဖြစ်ပါတယ်။ ကျွန်တော် ဇွန်လကတည်းက ရှင်းရှင်းပဲ ရခိုင်ပြည်နယ် ပညာရေး ညွှန်ကြားရေးမှူးရုံးမှတစ်ဆင့် လုပ်ထုံးလုပ်နည်းနဲ့အညီ ကော်ပီ(၆)စုံ ကျွန်တော်တို့ သက်ဆိုင်ရာကတစ်ဆင့် တင်ပြထားရှိပါတယ်။ ဆိုတော့ ကျွန်တော်တို့ တင်ပြထားရှိတာနဲ့ဆိုရင် အခု RE နဲ့ဆိုရင် တော်တော် အလှမ်းကွာဝေးပါတယ်။ ဒါပေမဲ့ကျွန်တော်တို့ကျောင်းက RE မှာလည်း ပါဝင်မှုမရှိခဲ့တဲ့အတွက် ဘာဖြစ်သလဲဆိုတာကို ကျွန်တော်နည်းနည်းသိလို၍ မေးမြန်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အသုံးအနှုန်း နည်းနည်းမှားနေတယ်နော်။ အားလုံးမှတ်ထား RE မဟုတ်ဘူး။ Supplementary Budget ပေါ့။ အင်္ဂလိပ်လို ပြောချင်ရင်။ ဗမာလိုဆိုရင် နောက်ဆက်တွဲ ဘဏ္ဍာငွေအရ အသုံးစာရင်း။ RE ဆိုတာက ဒါတွေအားလုံးကို Revise ပြန်လုပ်တာ နောက်ဆုံးကျမှ။ အခုက RE မဟုတ်ဘူး။

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ဟာ ကျွန်တော်ဒီ မပါသွားဘူးဆိုတဲ့ဥစ္စာ ကျွန်တော်တို့ အခြေခံပညာရဲ့ ကျောင်းတွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့က ငွေလုံးငွေရင်းကို ချပေးလိုက်တာပဲ ရှိပါတယ်။ တိုင်းဒေသကြီး ကနေပြီးတော့၊ အစိုးရကနေပြီးတော့ ဦးစားပေး(၁)၊ (၂)၊ (၃) မြို့နယ်အလိုက် သူတို့လာတာကိုပဲ ဇလုပ်တိုက်ပြီးတော့ ဘယ်နှစ်ကျောင်း ချပေးနိုင်တယ်၊ ကျောင်းသားဦးရေအရ။ အဲဒီအခါမှာ ဦးစားပေးဟာ နောက်ကို ရောက်သွားတဲ့အတွက် မပါခြင်းပဲ ဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့ကတော့ ဘယ်ကျောင်းကို ပေးပေးပါ။ ဘယ်ကျောင်းကို မလုပ်ပေးပါနဲ့။ ဒါမျိုးပြောတာလဲ မရှိပါဘူး။ ကျွန်တော်တို့ ကျောင်းသားဦးရေအရပဲ အားလုံးကို စီမံခန့်ခွဲဖို့ကျွန်တော်တို့ပေးလိုက်တာပဲ ဖြစ်ပါတယ်။ အဲဒီမြို့နယ်မှာ ဒီကျောင်းထက် ပိုဦးစားပေးရမယ့် ကျောင်းရှိနေနိုင်ကြောင်း ကျွန်တော် တင်ပြလိုပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၂၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ယှဉ်ပြိုင်မှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော ယှဉ်ပြိုင်မှု ဥပဒေကြမ်းကို ၂၉-၅-၂၀၁၄ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက အဆိုတင်သွင်းပြီး ၂၄-၇-၂၀၁၄ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော် သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ယှဉ်ပြိုင်မှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ယှဉ်ပြိုင်မှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်

ရေးထိုးပြီး ၁၂-၁၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၃။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ယနေ့ အစည်းအဝေးကို ကြွရောက်လာတဲ့ ကော်မရှင်အဖွဲ့ဝင်ပညာရှင်ကြီးများအားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်အရ ကော်မတီရဲ့ အတွင်းရေးမှူး ဖြစ်တဲ့ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေပြီးတော့ တင်သွင်းသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ မြန်မာနိုင်ငံဆေးကောင်စီ
ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

၁။ ပြည်သူ့လွှတ်တော်က မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းကို ၂၈-၇-၂၀၁၄ ရက်နေ့မှာ ပြင်ဆင်ချက်တွေနဲ့ သဘောတူအတည်ပြုပြီးတော့ အမျိုးသားလွှတ်တော်မှာ ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဟာ ယင်းဥပဒေကြမ်းကို ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ၂၅-၉-၂၀၁၄ ရက်နေ့မှာ ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လေ့လာတွေ့ရှိချက်များကို တင်ပြပါ့မယ်။

၂။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါတယ်။

(က) ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ဥပဒေကြမ်းရဲ့ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဈ)၊ ပုဒ်မခွဲငယ် (၁)မှာ ဖော်ပြထားတဲ့ နိုင်ငံသားမှတ်ပုံတင် ဆရာဝန်အား ကောင်စီက ထုတ်ပေးသော ဆေးကုသခွင့် လိုင်စင်ကို ဆိုသည်ဆိုတဲ့ စကားရပ်ကို ပိုမိုတိကျမှုရှိစေဖို့အတွက် နိုင်ငံသားမှတ်ပုံတင် ဆရာဝန်အား သတ်မှတ်ချက်များနှင့်အညီ ကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်ဆိုတဲ့ စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဈ)၊ ပုဒ်မခွဲငယ် (၂)မှာ ဖော်ပြထားတဲ့ ပြည်ပနိုင်ငံ ဆေးတက္ကသိုလ်တစ်ခုခုမှ အခြေခံဆေးပညာဘွဲ့ ရရှိပြီးဆိုတဲ့ စကားရပ်ကိုလည်း ပြည့်စုံမှုရှိစေဖို့အတွက် ပြည်ပ ဆေးတက္ကသိုလ်တစ်ခုခုမှ ဖြစ်စေ၊ ဆေးကောလိပ်တစ်ခုခုမှဖြစ်စေ အခြေခံ ဆေးပညာဘွဲ့ရရှိပြီး ဆိုတဲ့ စကားရပ်နဲ့ အစားထိုးဖို့လိုအပ်ကြောင်း တင်ပြလိုပါတယ်။ ပုဒ်မ၂၊ ပုဒ်မခွဲ(ဍ) မှာ ဖော်ပြထားတဲ့ စကားရပ်တွေအစား ကန့်သတ် ကျွမ်းကျင် ဆေးကုသခွင့် လိုင်စင် ဆိုသည်မှာ အခြေခံဆေးပညာဘွဲ့ မရရှိသော်လည်း ဆေးကုသမှုဆိုင်ရာဘွဲ့ သို့မဟုတ် ဒီဂရီတစ်ခုခု ရရှိပြီး ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာ ဆေးကောင်စီ သို့မဟုတ် ကောင်စီကဲ့သို့ အလားတူကိစ္စရပ်များ ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းက ဖြစ်စေ၊ ကောင်စီကဖြစ်စေ ဆေးကုသမှု တစ်ခုခုကို ဆောင်ရွက်နိုင်သည် ဟု အသိအမှတ်ပြုထားသော ပုဂ္ဂိုလ်အား ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု အခြေအနေ အရ လိုအပ်သည်ဟု ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးထုတ်ပေးသော ဆေးကုသခွင့် လိုင်စင်ကို ဆိုသည် ဆိုသည့်စကားရပ်ဖြင့် အသီးသီးပြင်ဆင် အစားထိုး သင့်ကြောင်းကို လေ့လာတွေ့ရှိရပါတယ်။

(ခ) အရေးအသား ဆီလျော်ညီညွတ်မှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေကြမ်းရဲ့ ပုဒ်မ၄၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားတဲ့ လုပ်ငန်းသဘောအရ ဆိုတဲ့ စကားရပ်ကို ဥပဒေနှင့်အညီ ဆိုတဲ့ စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၅ မှာ ဖော်ပြထားတဲ့ ဂုဏ်သတင်းရှိသော ဝါရင့်အငြိမ်းစား ဆေးပညာရှင် ဆိုတဲ့ စကားရပ်ကိုလည်း ထင်ပေါ်ကျော်ကြားတဲ့ ဂုဏ်သတင်းရှိသော ဝါရင့်အငြိမ်းစားဆေးပညာရှင် ဆိုတဲ့ စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးပြီးတော့ ပုဒ်မ၂၊ ပုဒ်မခွဲ(ဌ) တွင် ဖော်ပြထားတဲ့ ဘွဲ့လွန်ဒီဂရီ သို့မဟုတ် ဘွဲ့လွန်ဒီပလိုမာ ရရှိပြီး ဆိုတဲ့ စကားရပ်ရဲ့ နောက်မှာ ပြစ်မှုကင်းရှင်းကြောင်း တာဝန်ခံချက် တင်ပြနိုင်သည့်အပြင် ဆိုတဲ့စကားရပ်၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဆ) မှာ ဖော်ပြထားတဲ့ မှတ်ပုံတင်ဆရာဝန်များ၏ အမှန်တကယ် နစ်နာမှု များအတွက်ဆိုတဲ့ စကားရပ်ကို မှတ်ပုံတင်ဆရာဝန်များရဲ့ နစ်နာမှုများအတွက် ဆိုတဲ့ စကားရပ်ဖြင့် အသီးသီး အစားထိုးသင့်ပါတယ်။ ပုဒ်မ ၄၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဌ)၊ ပုဒ်မ ၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဌ)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၆)၊ ပုဒ်မ ၁၈၊ ပုဒ်မ ၅၃ နဲ့ ပုဒ်မ ၅၇ တို့ကိုတော့ သီးခြား ဖော်ပြရန် လိုအပ်ခြင်းမရှိတဲ့ အတွက်ကြောင့်မို့လို့ တင်ပြပါ ပုဒ်မတွေကိုတော့ ပယ်ဖျက်သင့် ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ဂ) လက်တွေ့ဆောင်ရွက်ရာမှာ ပိုမိုတိကျမှုရှိစေဖို့အတွက် ပြည်သူ့လွှတ်တော်က အတည် ပြုခဲ့တဲ့ ဥပဒေကြမ်းရဲ့ ပုဒ်မ ၆ ခြေဆင်းကို ပုဒ်မ ၆၊ ပုဒ်မခွဲ(က)အဖြစ် ပြောင်းလဲ

ပြီးတော့ နာယကအဖွဲ့သည် ကောင်စီကို ၆၅ ဦးထက်မပိုသော အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် တစ်ခါ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ) ကို ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၃) အဖြစ် ပြောင်းလဲပြီးတော့ ညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသန ဦးစီးဌာန ဆိုတဲ့ စကားရပ်နဲ့ နောက်တစ်ခါ ပုဒ်မ ၆၊ ပုဒ်မခွဲ(စ)ကို ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၆)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီးတော့ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး၊ ကာကွယ်ရေးဝန်ကြီးဌာန ဆိုတဲ့ စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဆ)ကို ပုဒ်မ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၇)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီးတော့ ဆေးတက္ကသိုလ် ပါမောက္ခချုပ်များ ခုနှစ်ဦးမှ ဆယ်ဦးအထိဆိုတဲ့ စကားရပ်ကို ခေတ်စနစ်နဲ့ညီညွတ်မှု ရှိစေဖို့အတွက် ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ ပုဒ်မ ၆၊ ပုဒ်မခွဲ(ည)ကို ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁၀) အဖြစ် ပြောင်းလဲပြီးတော့ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကျန်းမာရေးဦးစီးဌာနမှူးများ ဆိုတဲ့ စကားရပ်ကို ပြောင်းလဲ သင့်ကြောင်း တင်ပြလိုပါတယ်။ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဍ)ကို ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁၂) အဖြစ် ပြောင်းလဲပြီးတော့ ကောင်စီ၏ လုပ်ငန်းများတွင် စိတ်ပါ ဝင်စား၍ အများပြည်သူ၏ ယုံကြည်လေးစားမှုရှိသော အငြိမ်းစား ဆရာဝန်ကြီး ခုနှစ်ဦးမှ တစ်ဆယ်ဦးအထိဆိုတဲ့ စကားရပ်ကို ဖြည့်စွက်သင့်ကြောင်း တင်ပြလို ပါတယ်။ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဎ)ကို ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁၃) အဖြစ် ပြောင်းလဲပြီးတော့ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာရှိတဲ့ မှတ်ပုံတင်ဆရာဝန်များက ရွေးချယ်တင်မြှောက်သော နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် မှတ်ပုံတင် ဆရာဝန်တစ်ဦးစီ ဆိုတဲ့ စကားရပ်ကို ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း တင်ပြ လိုပါတယ်။ ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)အဖြစ် နာယကအဖွဲ့သည် လိုအပ်ပါက ကောင်စီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည် ဟု အသစ်ဖြည့်စွက်သင့်ကြောင်း တင်ပြလိုပါတယ်။

(ဃ) ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ဥပဒေကြမ်း ပုဒ်မ ၇ မှာ ဖော်ပြထားတဲ့ စကား ရပ်တွေအစား နာယကအဖွဲ့သည် ကောင်စီဝင်များအနက်မှ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယ ဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူးတစ်ဦးနှင့် ဘဏ္ဍာရေးမှူး တစ်ဦးတို့ကို ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်စေရမယ်လို့ ပြောင်းလဲဖော်ပြသင့် ကြောင်း တင်ပြလိုပါတယ်။ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(စ)မှာ ဖော်ပြထားတဲ့ ညှိနှိုင်းဆွေးနွေး ခြင်း၊ ညွှန်ကြားခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ဆိုတဲ့ စကားရပ်ကို ညှိနှိုင်းဆွေးနွေးခြင်း၊ အကြံပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ဆိုတဲ့ စကားရပ်နဲ့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ည)မှာ ဖော်ပြ ထားတဲ့ ပျက်ကွက်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် လိုအပ်သလို အရေးယူဆောင်ရွက် ခြင်းဆိုတဲ့ စကားရပ်ကိုလည်း ပျက်ကွက်မှုများနှင့် စပ်လျဉ်းသည့် တင်ပြချက်များကို စုံစမ်းစစ်ဆေးခြင်းနှင့် လိုအပ်သလို အရေးယူ ဆောင်ရွက်ခြင်းဆိုတဲ့ စကားရပ်နဲ့ ပြည့်စုံမှုရှိဖို့အတွက် ပြင်ဆင်ဖော်ပြသင့်ကြောင်း တင်ပြလိုပါတယ်။ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဌ)မှာ ဖော်ပြထားတဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းများအား အကြံပြုခြင်း၊ ညွှန်ကြားခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း ဆိုတဲ့ စကားရပ်ကို သက်ဆိုင်ရာ အဖွဲ့အစည်းများအား

ညှိနှိုင်းဆွေးနွေးခြင်း၊ အကြံပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဆိုတဲ့ စကားရပ်တွေနဲ့ အသီးသီး အစားထိုးသင့်ကြောင်း တင်ပြအပ်ပါတယ်။

(င) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့ ဥပဒေကြမ်း ပုဒ်မ ၁၃၊ ပုဒ်မခွဲ(င)မှာ ဖော်ပြထားတဲ့ ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း ဆိုတဲ့စကားရပ်ကို လက်တွေ့ဆောင်ရွက်ရာမှာ အဆင်ပြေချောမွေ့မှု ရှိစေဖို့အတွက် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းဆိုတဲ့ စကားရပ်နဲ့ အစားထိုးသင့်ပါတယ်။ ပုဒ်မ ၁၄ မှာ ဖော်ပြထားတဲ့ အလုပ်အမှုဆောင်အဖွဲ့သို့ လွှဲအပ်ပေးနိုင်သည် ဆိုတဲ့ စကားရပ်ကိုလည်း အလုပ်အမှုဆောင်အဖွဲ့သို့ လွှဲအပ်နိုင်သည်လို့ ကျစ်လစ်မှု ရှိစေရန် ပြင်ဆင်သင့်ပါတယ်။ ပုဒ်မ ၁၅ ရဲ့ ခြေဆင်းမှာ ဖော်ပြထားတဲ့ ကောင်စီနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များဆိုတဲ့ စကားရပ်ကို ပြည်သူ့ဝန်ထမ်း မဟုတ်သော ကောင်စီနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များလို့ ပြင်ဆင်သင့်ပါတယ်။ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က) မှာ ဖော်ပြထားတဲ့ လေးလလျှင်တစ်ကြိမ်ဆိုတဲ့ စကားရပ်ကို သုံးလလျှင် တစ်ကြိမ် အစည်းအဝေးကျင်းပနိုင်ဖို့အတွက် အသီးသီးအစားထိုးသင့်ကြောင်း တင်ပြအပ်ပါတယ်။

(စ) ကောင်စီရဲ့ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာမှာ ဝန်ထမ်းတွေကို ခန့်ထားပြီး တာဝန်ပေးနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့ဥပဒေကြမ်းရဲ့ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မခွဲ (ဃ) တို့ကို ပုဒ်မ ၁၉ (က)၊ (ခ)၊ (ဂ) နှင့် (ဃ)တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီးတော့ အောက်ပါအတိုင်း အသီးသီး အစားထိုးသင့်ကြောင်း တင်ပြအပ်ပါတယ်။

၁၉။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ရုံးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်း၍ ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးရမည် -

(က) ရုံးအဖွဲ့မှူး တစ်ဦးနှင့် ဒုတိယ ရုံးအဖွဲ့မှူး တစ်ဦး

(ခ) စီမံရေးရာဌာန၊ မှတ်ပုံတင်ဌာနနှင့် ငွေစာရင်းဌာနတို့တွင် လက်ထောက် ရုံးအဖွဲ့မှူး တစ်ဦးစီ၊

(ဂ) အရည်အသွေး ထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်းဌာန၊ နိုင်ငံခြား ဆက်သွယ်ရေးဌာန၊ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေး ဌာန တို့တွင် ဆရာဝန် လက်ထောက်ရုံးအဖွဲ့မှူးတစ်ဦးစီ၊

(ဃ) အထက်ပုဒ်မခွဲများပါ ဌာနများအတွက် သတ်မှတ်ထားသော ဖွဲ့စည်းပုံ နှင့်အညီ လိုအပ်သော ဝန်ထမ်းများကို ခန့်အပ်နိုင်သည်လို့ ပြင်ဆင် သင့်ကြောင်း တင်ပြအပ်ပါတယ်။

(ဆ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့ ဥပဒေကြမ်း ပုဒ်မ ၂၀ ရဲ့ အောက်မှာ ကောင်စီ သည် ပုဒ်မ ၁၉ ပါ ရုံးအဖွဲ့၏ ဌာနများကို လိုအပ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်း

နိုင်သည် ဟု အသစ်ဖြည့်စွက်သင့်ပါတယ်။ ပုဒ်မ ၂၁ ရဲ့ အောက်မှာတော့ ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ရန်ပုံငွေတစ်ရပ် ထူထောင်ရမည်။

(က) မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်း တိုးမြှင့်ကြေး၊ ရက်လွန်ကြေး၊ စာမေးပွဲကြေးနှင့် အခြားစရိတ်များမှ ကောက်ခံရရှိငွေများ၊

(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ၊

(ဂ) ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ ဆိုပြီးတော့ အသီးသီးအသစ်ဖြည့်စွက်သင့်ကြောင်း တင်ပြအပ်ပါတယ်။

(ဇ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့ ဥပဒေကြမ်းရဲ့ ပုဒ်မ ၂၂ ကို ကောင်စီသည် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များ လှူဒါန်းသော ပစ္စည်းများနှင့် အခြားအကူအညီများကို လက်ခံနိုင်သည့်အပြင် တည်ဆဲစည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ တရားဝင် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်ဟု ပြင်ဆင်သင့်ပါတယ်။ ပုဒ်မ ၂၄ ကိုတော့ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဟု ပြင်ဆင်သင့်ပါတယ်။ ပုဒ်မ ၂၅ ကိုတော့ ကောင်စီသည် မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ဆောင်ရွက်ရမည်။ မိမိရန်ပုံငွေဖြင့် ရပ်တည်ရာတွင် လုံလောက်မှုမရှိပါက ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန်အတွက် တင်ပြတောင်းခံနိုင်သည် ဟု ပြင်ဆင်သင့်ပါတယ်။ ပုဒ်မ ၂၆၊ ပုဒ်မခွဲ(ဂ)မှာ ဖော်ပြထားတဲ့ ပြည်ပဆေးတက္ကသိုလ်တစ်ခုခုမှ ဖြစ်စေဆိုတဲ့ စကားရပ်ကို တိကျမှုရှိစေဖို့အတွက် ကောင်စီက အသိအမှတ် ပြုထားခြင်း မရှိသည့် ပြည်ပဆေးတက္ကသိုလ် တစ်ခုခုမှဖြစ်စေလို့ ပြင်ဆင်သင့်ပါတယ်။ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ဂ)မှာ ဖော်ပြထားတဲ့ ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာ ပျက်ကွက်သည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်းလို့ ပြင်ဆင်သင့်ပါတယ်။

(ဈ) သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားလာသော လျှောက်လွှာများကို စိစစ်ပြီး အရည်အချင်း ပြည့်မီပါက လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းပြီး ဆေးကုသခွင့်လိုင်စင် ထုတ်ပေးနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေကြမ်း ပုဒ်မ ၃၂ နဲ့ ပုဒ်မ ၄၀ တို့ကို ပုဒ်မ ၃၃ နဲ့ ပုဒ်မ ၄၁ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီးတော့ အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း တင်ပြအပ်ပါတယ်။

၃၃။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၂၊ ပုဒ်မခွဲ(က)အရ လျှောက်ထားသည့် လျှောက်လွှာကို လိုအပ်ပါက စိစစ်ပြီး အရည်အချင်းပြည့်မီလျှင် လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေလျက် အထွေထွေ

ဆေးကုသခွင့် လိုင်စင်ကို ထုတ်ပေးနိုင်သည်။ အရည်အချင်း မပြည့်မီပါက လိုင်စင်ကို ထုတ်ပေးရန် ငြင်းပယ်နိုင်သည်။

၄၁။ ကောင်စီသည် ပုဒ်မ ၄၀ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုအပ်ပါက အရည်အချင်းစစ်ဆေးရန်၊ အရည်အချင်းပြည့်မီလျှင် လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေလျက် ကုသခွင့်ရှိသည့် ပညာရပ်ဆိုင်ရာ နယ်ပယ်သတ်မှတ်၍ ကန့်သတ် ကျွမ်းကျင် ဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးနိုင်သည်။ အရည်အချင်း မပြည့်မီပါက လိုင်စင်ကိုထုတ်ပေးရန် ငြင်းပယ်နိုင်သည်လို့ ဖော်ပြသင့်ကြောင်း တင်ပြအပ်ပါတယ်။

(ည) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့ ဥပဒေကြမ်း ပုဒ်မ ၄၁ မှာ ဖော်ပြထားတဲ့ စကားရပ်တွေအစား ဆေးကုသခွင့် လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် မိမိ၏ ဆေးကုသသည့် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက သက်တမ်းတိုးမြှင့်ပေးရန် လိုင်စင်သက်တမ်း မကုန်ဆုံးမီ သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ လျှောက်ထားဆဲကာလအတွင်း ယင်း၏ဆေးကုသမှုလုပ်ငန်းများသည် တရားဝင် ဆောင်ရွက်ခြင်းဖြစ်သည်ဟု မှတ်ယူရမယ်လို့ ပြင်ဆင်သင့်ပါတယ်။ ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ)တွင် ဖော်ပြထားတဲ့ စိတ်ရောဂါစွဲကပ်ခြင်း၊ အသိဉာဏ်ပညာပျက်ယွင်းခြင်း သို့မဟုတ် ကိုယ်အင်္ဂါ ချွတ်ယွင်းခြင်းဆိုတဲ့ စကားရပ်ကိုလည်း စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ကိုယ်အင်္ဂါကျန်းမာ ကြံ့ခိုင်မှုမရှိခြင်း ဆိုတဲ့စကားရပ်နဲ့ ပြင်ဆင်သင့်ပါတယ်။ ပုဒ်မ ၄၃၊ ပုဒ်မခွဲ(ဂ)မှာ ဖော်ပြထားတဲ့ ဆရာဝန်တစ်ဦးရဲ့ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် မဆင်မခြင်ပေါ့လျော့စွာ ဆောင်ရွက်ခြင်းဆိုတဲ့ စကားရပ်ကိုလည်း ဆရာဝန်တစ်ဦး၏ လုပ်ငန်းတာဝန်များကို ပေါ့လျော့စွာ ဆောင်ရွက်ခြင်း ဟု ပြင်ဆင်သင့်ပါတယ်။ ပုဒ်မ ၄၃၊ ပုဒ်မခွဲ(ဆ)မှာ ဖော်ပြထားတဲ့ မည်သည့် မှတ်ပုံတင်ဆရာဝန်မျှ ကောင်စီက အသိအမှတ်မပြုသော ဘွဲ့၊ ဒီဂရီ၊ အဆင့်ဆိုတဲ့ စကားရပ်ကို ကောင်စီက အသိအမှတ်မပြုသောဘွဲ့၊ ဒီဂရီ၊ အဆင့်လို့ ပြင်ဆင်သင့်ပါတယ်။ ပုဒ်မ ၄၄၊ ပုဒ်မခွဲ(က)မှာ ဖော်ပြထားတဲ့ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များဆိုတဲ့ စကားရပ်ကိုတော့ ရေးထုံးမှန်ကန်မှု ရှိစေရန်အတွက် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များလို့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။

(ဋ) ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ဥပဒေကြမ်း ပုဒ်မ ၄၈ မှာ ဖော်ပြထားတဲ့ အလုပ်အမှုဆောင်အဖွဲ့သို့ ဆိုတဲ့စကားရပ်ကို ကောင်စီသို့ဆိုတဲ့ စကားရပ်ဖြင့် ပြင်ဆင်သင့်ပါတယ်။ ပုဒ်မ ၄၉ ရဲ့ ခြေဆင်းကို ကောင်စီသည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တင်ပြချက်ကို စိစစ်ပြီး တွေ့ရှိချက်များအရ အောက်ပါအရေးယူ ဆောင်ရွက်မှုတစ်ခုခုကို ပြုလုပ်နိုင်သည်ဟု ပြင်ဆင်သင့်ကြောင်း တင်ပြအပ်ပါတယ်။ ပုဒ်မ ၅၀ မှာ ဖော်ပြထားတဲ့ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ခုခုကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်

ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံနိုင်သည် ဆိုတဲ့ စကားရပ်ကိုလည်း ပြုလုပ်သည့် ဆောင်ရွက်မှုတစ်ခုခုကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် ချမှတ်သောနေ့မှ ရက်ပေါင်း ၉၀ အတွင်း ကောင်စီသို့ အယူခံနိုင်သည် ဟု ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ ပုဒ်မ ၅၂ မှာ ဖော်ပြထားတဲ့ မည်သူမျှ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင် မရှိဘဲ ဆေးကုသခြင်း မပြုရ ဆိုတဲ့ စကားရပ်ကို မည်သူမျှ ဆေးကုသခွင့် လိုင်စင်မရှိဘဲ ဆေးကုသခြင်း မပြုရ ဆိုတဲ့ စကားရပ်နဲ့ ပြင်ဆင်သင့်ပါတယ်။ အရေးအသား မှန်ကန်မှု ရှိစေရန် အတွက် ပုဒ်မ ၅၄ ရဲ့ ခြေဆင်း နဲ့ ပုဒ်မ ၅၅ တို့မှာ ဖော်ပြထားတဲ့ မည်သူမဆို ဆိုတဲ့ စကားရပ်ကို မည်သူမျှဆိုတဲ့ စကားရပ်ဖြင့် အသီးသီးအစားထိုးသင့်ကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။

(ဌ) ပြစ်ဒဏ်များချမှတ်ရာမှာ ခေတ်ကာလနဲ့ညီညွတ်မှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်း ပုဒ်မ ၅၈ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၅၄ နှင့် ၅၅ တို့ ပါ တားမြစ်ချက်ကိုဆိုတဲ့ စကားရပ်ကို သီးခြားစီ ပုဒ်မတွေကို ခွဲထုတ်ဖို့အတွက် ပုဒ်မ ၅၄ ပါ တားမြစ်ချက်ကိုဆိုတဲ့ စကားရပ်နဲ့ အစားထိုးသင့်ပါတယ်။ ပုဒ်မ ၅၈ ရဲ့ အောက်မှာတော့ ဆေးကုသခွင့်လိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၅၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည် ဟု အသစ် ဖြည့်စွက်သင့်ကြောင်း တင်ပြအပ်ပါတယ်။

(ဍ) ဥပဒေ အသုံးအနှုန်း မှန်ကန်မှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေကြမ်း ပုဒ်မ ၆၀ မှာ ဖော်ပြထားတဲ့ စကားရပ်တွေအစား ဆေးကုသခွင့်လိုင်စင်ရသူ တစ်ဦးဦးသည် လူနာအကျိုးအတွက် ၎င်း၏ သဘောတူညီချက်ဖြင့် ဆေးပညာရပ်ဆိုင်ရာ ထိုက်သင့်သော သတိပြုခြင်းဖြင့် ဆုံးဖြတ်၍ ဆရာဝန်ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ခဲ့လျှင် ယင်းဆောင်ရွက်ချက်ကို ပေါ့ဆစွာ ဆောင်ရွက်သည်ဟု မမှတ်ယူရ ဆိုတဲ့ စကားရပ်နဲ့ ပြင်ဆင်သင့်ပါတယ်။ ပုဒ်မ ၆၁ မှာ ဖော်ပြထားတဲ့ စကားရပ်တွေ နေရာမှာတော့ ဤ ဥပဒေပါ ပြစ်မှုများအတွက် တရားစွဲဆိုရာတွင် မှတ်ပုံတင်ဆရာဝန် ဖြစ်ပါက ကောင်စီ၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်ဆိုတဲ့ စကားရပ်နဲ့ ပြင်ဆင်သင့်ပါတယ်။ ပုဒ်မ ၆၃ မှာ ဖော်ပြထားတဲ့ မြန်မာနိုင်ငံ ဆေးကောင်စီ ဥပဒေအရ ဖွဲ့စည်းထားသောဆိုတဲ့ စကားရပ်ကို ကောင်စီသည် မြန်မာနိုင်ငံ ဆေးကောင်စီ ဥပဒေအရ ဖွဲ့စည်းထားသော စကားရပ်ဖြင့် ဆိုတဲ့စကားရပ်နဲ့အသီးသီး ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ဎ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇၊ ပုဒ်မခွဲ(က)နဲ့ ညီညွတ်မှု ရှိစေရန်အတွက် ပုဒ်မ ၆၅၊ ပုဒ်မခွဲ(က)နဲ့(ခ)တို့ကို အောက်ပါအတိုင်း အသီးသီးအစားထိုး သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

၆၅။ (က) ကောင်စီသည် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဏ) မြန်မာစာ စကားလုံးပေါင်းသတ်ပုံနဲ့ အရေးအသား အသုံးအနှုန်းမှန်ကန်မှု ရှိစေရန်အတွက်လည်းကောင်း၊ ဥပဒေရေးထုံးမှန်ကန်မှု ရှိစေရန်အတွက် လည်းကောင်း၊ ပုဒ်မစဉ်များကို အစီအစဉ်ကျနမှု ရှိစေရန်အတွက်လည်းကောင်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီး ဖြစ်ပါကြောင်းကိုလည်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့ သဘောထားမှတ်ချက်ကို တင်ပြပါ့မယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေကြမ်းကို ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင် ဖြည့်စွက်ထားခြင်း ဖြစ်ပါ၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအစီရင်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ ဆေးကောင်စီ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၂-၁၁-၂၀၁၄(ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၇)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၈)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၂၇ )ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ၁၂း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]